မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော် လွှတ်တော်ရုံးသို့ သတ်မှတ်ရက်၊ အချိန်အတိုင်း သတင်းပို့ကြရန် စီစဉ်ထား

နေပြည်တော် ဇန်နဝါရီ ၂၆

ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိလာကြမည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ရုံးအမှတ်(၂၀) လွှတ်တော်ရုံးသို့ သတင်းပို့ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတင်းပို့ရမည့်ရက်နှင့် အချိန်တို့ကို သတ်မှတ်စီစဉ်ထားရှိသည်။

သတင်းပို့

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း အသီးသီး သတင်းပို့ကြရမည် ဖြစ်သည်။

အလားတူ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း အသီးသီးသတင်းပို့ကြရမည် ဖြစ်သည်။

လွှတ်တော်ရုံးက ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ယခုကဲ့သို့ စီစဉ်ထားရှိခြင်းဖြစ်သဖြင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတ်မှတ်ရက်၊ အချိန်အတိုင်း လွှတ်တော်ရုံးသို့ သတင်းပို့ကြရန် ဖြစ်သည်။ **(သတင်းစဉ်)**

အိုင်စီတီဗဟုသုတများ တိုးပွားစေသည့် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်

သတင်းဆောင်းပါး
တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကိုထွေး

နေပြည်တော် ဇန်နဝါရီ ၂၆

သတင်းနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ဗဟုသုတများ တိုးပွားစေသည့် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် နဝမအကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် (The 9th Myanmar ICT Week) ကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်တိုင်တိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာမြို့သစ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။

ဖွင့်လှစ်ပြသခဲ့

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ရတနာပုံနည်းပညာမြို့သစ်ရှိ ရတနာပုံဆိုင်ဘာခန်းမ (Yatanarpon Cyber Hall) ၌ ကျင်းပခဲ့ပြီး ပွဲတော်ကာလ ငါးရက်အတွင်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြည်တွင်းပြည်ပကုမ္ပဏီ ၂၆ ခုတို့က ပြခန်းပေါင်း ၃၀ ဖွင့်လှစ်ပြသခဲ့သည်။

ပွဲတော်လာပြည်သူများသည် ရတနာပုံဆိုင်ဘာခန်းမအတွင်း ပြည်တွင်းပြည်ပကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့် အိုင်တီနည်းပညာပစ္စည်းများ၊ ရတနာပုံနည်းပညာမြို့သစ်၌ ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများမှ ထုတ်လုပ်သည့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီများ၏ ဆက်သွယ်ရေးနည်းပညာပြခန်းများနှင့် e-cinema တို့ကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး ဖျော်ဖြေရေးအစီအစဉ်များကို အားပေးခဲ့ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖

ရတနာပုံဆိုင်ဘာခန်းမ

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကျင်းပရာ ရတနာပုံဆိုင်ဘာခန်းမကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်)

မြန်မာ့ရုပ်ရှင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ချီးမြှင့်သည့် အခမ်းအနားကို ဇန်နဝါရီလ ၂၃ရက်နေ့က နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပခဲ့သည်။

ရုပ်ရှင်အနုပညာသည် ပြည်သူများကို စည်းရုံးနိုင်သောစွမ်းအားရှိပြီး ပြည်သူများ မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းပြည်ချစ်စိတ်များ ပိုမိုထွန်းကားစေနိုင်သော၊ တိုင်းရင်းသားလူမျိုးများအချင်းချင်း ပိုမို ချစ်ခင်စည်းလုံး ညီညွတ်မှုရရှိစေသော၊ အတွေးအခေါ်မှန်ကန်ပြီး အသိပညာများ၊ ဗဟုသုတများပေးစွမ်းနိုင်သော အနုပညာရပ် ဖြစ်သည်။

ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ရည်ရွယ်ချက်ငါးရပ်နှင့် ယင်းရည်ရွယ်ချက်များ အောင်မြင်ရေးဆောင်ရွက်ရန် အခြေခံအချက် ၁၂ ချက်ကို သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာရုပ်ရှင်လောကသည်လည်း တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ရုပ်ရှင်ကားများကို ဒစ်ဂျစ်တယ်နည်းစနစ်များ၊ ခေတ်မီနည်းပညာများ၊ အထူးပြုလုပ်ချက်များပေါင်းစပ်ပြီး ထူးခြားဆန်းပြားသည့် ရိုက်ကူးမှုများဖြင့် တင်ဆက်ပြသနေကြပြီ ဖြစ်သည်။

မြန်မာ့ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများသည် မိမိတို့ရိုက်ကူးထုတ်လုပ်လိုက်သည့် ရုပ်ရှင်ဇာတ်ကား၊ သရုပ်ဆောင်မှု၊ ရိုက်ကွင်း၊ ရိုက်ကွက်များ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ တင်ဆက်ပြသမှုတို့သည် အရည်အသွေး အဆင့်အတန်းမြင့်မားနေရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ ရုပ်ရှင်သည် ပြည်သူလူထုအပေါ် ဩဇာလွှမ်းမိုးသက်ရောက်မှုရှိသဖြင့် ပြည်သူများအတွက် အသိပညာ ဗဟုသုတပေးစွမ်းနိုင်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများဖြစ်ရန် အရေးကြီးပေသည်။

ရုပ်ရှင်လောကသားများသည် မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက် တိုင်းပြည်နှင့်လူမျိုး အကျိုးအတွက် တက်တက်ကြွကြွ ပါဝင်ခဲ့သည့် အစဉ်အလာနှင့်အညီ ယနေ့အချိန်တွင်လည်း ထူးချွန်ဆုရရှိသည့် အနုပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ရုပ်ရှင်လောကသားများအားလုံးက မြန်မာ့ရုပ်ရှင်နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်ရန်အတွက် ပိုမိုအားထုတ် ကြိုးပမ်းဆောင်ရွက်ရင်း နောင်တက်လာမည့် မျိုးဆက်သစ် ရုပ်ရှင်အနုပညာရှင်လေးများကို လက်တွဲခေါ်ယူသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှမဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ ဝန်ကြီး ဦးလှထွန်းအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှမဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ Mr. Hekinus MANAO နှင့် Country Director Ms. Annette Marine Dixon တို့သည် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြပြီး ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့်ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၆

Engineering Day 2011 ဖွင့်ပွဲကို မလေးရှားနိုင်ငံ ထိပ်တန်းအဆင့်ရှိ Tier-5 Excellence Award ရရှိထားသော တက္ကသိုလ်ကျောင်းနှစ်ကျောင်းဖြစ်သည့် Kuala Lumpur မြို့တော်ရှိ Taylor's University၊ အရှေ့မလေးရှားနိုင်ငံ Sarawak ပြည်နယ်ရှိ Curtin University နှင့် စင်ကာပူနိုင်ငံရှိ The Best Education Experience Award 2010 ချီးမြှင့်ခြင်းခံရသော PSB Academy ကျောင်းသုံးကျောင်းတို့ ပူးပေါင်းပြီး ဇန်နဝါရီ ၂၉ ရက် (စနေနေ့) ညနေ ၃ နာရီမှ ညနေ ၆ နာရီအထိ ကုန်သည်ကြီးများ ဟိုတယ် ကုန်းဘောင်-တကောင်းခန်းမ၌ Myanmar Search International Education Consultancy (MSI) ပညာရေးဝန်ဆောင်မှုက ကြီးမှူးကျင်းပမည် ဖြစ်သည်။

ပညာရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ဟောပြောပွဲတွင် အင်ဂျင်နီယာဘာသာရပ်ကို သင်ကြားရခြင်း၏ အကျိုးကျေးဇူးများ၊ အဘယ့်ကြောင့် အင်ဂျင်နီယာဘာသာရပ်ကို သင်ယူသင့်သနည်း၊ ကျောင်းလခ၊ နေထိုင်စရိတ်၊ ကုန်ကျမှုသက်သက်သာသာနှင့် နိုင်ငံတကာ တက္ကသိုလ်ကျောင်းသားတစ်ယောက်တွင် ရရှိနိုင်သော အခွင့်အရေးများ၊ အင်ဂျင်နီယာဘာသာရပ်ကို သင်ကြားပြီးနောက်ပိုင်း ရရှိနိုင်မည့် အလုပ်အကိုင် အခွင့်အရေးများ၊ ယနေ့ Global Village ခေတ်၏ နိုင်ငံတကာပညာရေးစနစ်ပုံစံများနှင့် Mechatronic၊ Electrical၊ Electronics၊ Civil စသည်တို့အပြင် အမျိုးမျိုးသော အင်ဂျင်နီယာ ဘာသာရပ်တို့ကို Curtin University Sarawak (Sarawak Malaysia) Taylor's University, Malaysia နှင့် PSB Academy မှ တာဝန်ရှိသူတို့က အသေးစိတ် ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။

ကင်းလွတ်ခွင့်

ပညာသင်ဆုအတွက် ကျောင်းသားများသည် မိမိတို့၏ ပညာရေးဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများကို ယူဆောင်လာရန်နှင့် ဆွေးနွေးပွဲ တက်ရောက်လိုသူများသည် ဇန်နဝါရီ ၂၇ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး စာရင်းသွင်းကြရန်နှင့် အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် စင်ကာပူနိုင်ငံရှိ PSB Academy ကျောင်းမှ ဘာသာရပ်များကို စိတ်ဝင်စားသူများအတွက် ယင်းနေ့တွင် တိုက်ရိုက်ကျောင်း လျှောက်လွှာတင်ခြင်းဖြင့် PSB Academy ကျောင်းမှ ကျောင်းဝင်ကြေး စင်ကာပူဒေါ်လာ ၃၅၃ဒေါ်လာကို တရားဝင် ကင်းလွတ်ခွင့်ပေးမည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အသေးစိတ် စုံစမ်းလိုပါက Myanmar Search International Education Consultancy Services Co.,Ltd. (MSI) ရုံးခန်း၏ တည်နေရာ အမှတ် ၂၃၄ ဒုတိယထပ် (ယာ) ရွှေဘုံသာအလယ်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၉၂၉ ၊ ၀၁-၃၈၉၉၁၅၊ ၀၉-၅၁၀၃၉၁၅ နှင့် myanmarsearchinternational@gmail.com) တို့ထံသို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မှူခင်းကျဆင်းရေး မြန်အောင်၌ ပညာပေးဟောပြော

မြန်အောင် ဇန်နဝါရီ ၂၆

မြန်အောင်မြို့နယ်၌ မှုခင်းကျဆင်းရေးဟောပြောပွဲနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ မှုခင်းကျဆင်းရေးနှင့် ပညာပေးစာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးသည်။

လက်ခံယူ

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်က ကျေးရွာများအတွင်း မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုပပျောက်ရေး ပညာပေးဆွေးနွေးပြီး မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် မှုခင်းကျဆင်းရေးနှင့် ပညာပေးစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်မြင့်နှင့် ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)

ဟသ်ာတ အမက(၁၁) ပညာရည်ချွန်ဆုချီးမြှင့်

ဟသ်ာတ ဇန်နဝါရီ ၂၆

ဟသ်ာတမြို့နယ် အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ဆုပေးပွဲ အခမ်းအနားသို့ ဟသ်ာတမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်အုံးနွဲ့နှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ ပညာရေးမှူး ဒေါ်အုံးနွဲ့တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ ပညာရေးမှူး ဒေါ်အုံးနွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်များက ထူးချွန်ဆုရသူများအား ဆုများပေးအပ်ကြပြီး လေးနှစ်ဆက်တိုက် ပထမရရှိပြီး ဘက်စုံထူးချွန်ဆု၊ တိုင်းဒေသကြီးအဆင့်၊ မြို့နယ် အဆင့် အင်္ဂလိပ်စာထူးချွန်ဆုနှင့် အခြေခံသိပ္ပံထူးချွန်ဆုရ ဆု ၁၆ ဆုရရှိသူ စတုတ္ထတန်းမှ မအေးမြတ်ချယ်ရီထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးမြင့်ထွန်းက ဆုများချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ယာပုံ)(၁၇၇)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကန်ကြီးရွာ မြေသားလမ်းအား စက်ယန္တရားဖြင့် ဆောင်ရွက်နေမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့ ဇန်နဝါရီ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

27-1 (02).pmd 1 1/27/2011, 1:46 AM

ဇန်နဝါရီ ၂၂ ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အထက(၁) မြောက်ဥက္ကလာပ၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်ထွန်းတင့်ဇော်ဦးအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်က ဂုဏ်ပြုရွှေဆွဲကြိုး၊ ရွှေလက်စွပ်နှင့် ရွှေတံဆိပ်ဆု ချီးမြှင့်စဉ်။ (ပညာရေး)

သီးနှံစိုက်ပျိုးမှုစွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၆

ပုသိမ်တက္ကသိုလ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ကန်သာယာခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ပေးအပ်ချီးမြှင့်

တိုင်းမှူးသည် ဇန်နဝါရီ ၂၀ ရက်က ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမ၌ကျင်းပသော သီးနှံစိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်ဆုနှင့် အထွေထွေအရပ်ရပ်ဆိုင်ရာ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး စွမ်းဆောင်နိုင်မှု ခရိုင်ဆု၊ အကောင်းဆုံး စွမ်းဆောင်နိုင်မှု မြို့နယ်ဆု၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ နိုင်ငံတော်အဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

Peace Myanmar Electric Co., Ltd. ISO 9001: 2008 Certificate ရရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

England Base Global Group မှ Peace Myanmar Electric Co., Ltd. သို့ ISO 9001: 2008 Certificate ချီးမြှင့်သည့်အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ထို့နောက် Global Group (Myanmar)မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက ISO 9001: 2008 Certificate နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှေးဦးစွာ Peace Myanmar Electric Co., Ltd. မှ Executive Director ဦးခင်မောင်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ England Base Global Group မှ Peace Myanmar Electric Co., Ltd. သို့ ချီးမြှင့်သည့် ISO 9001: 2008 Certificate အား Global Group (Myanmar) မှ မန်နေဂျင်း ဒါရိုက်တာက Peace Myanmar Electric Co., Ltd. မှ Executive Director ထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ဖြန့်ဖြူးရောင်းချ

Peace Myanmar Electric Co., Ltd. ၏ သက်တမ်းမှာ ၁၇ နှစ်ရှိပြီး Customer များ၏ လိုအပ်ချက်အပြည့်အဝရရှိရေးနှင့် အကောင်းဆုံးဝန်ဆောင်မှုနှင့်အတူ အရည်အသွေးမီသော ကုန်ပစ္စည်းများကို အဓိကဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။ ထို့အပြင် Airconditioner နှင့် Electric Products ဖြစ်သည့် Transmission & Distribution Products, Industrial Electrical Products, Hardware Products, IT Products နှင့် Visual Image Products များကိုလည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ဆက်သွယ်

Peace Myanmar Electric Co., Ltd. နှင့် ဆက်သွယ်လိုပါက ရုံးချုပ် အမှတ်(၁၃၇/၁၃၉) ဗိုလ်တထောင်ဘုရားလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၀၂၁၁၇၊ ဆားဗစ်စင်တာ အမှတ်(၃/၅၈) River View Garden Housing, ကမ်းနားလမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၆၇၇၈၊ ၂၁၂၄၀၇ နှင့် ၂၂၅၄၄၆တို့ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရခိုင်သဟာယနှင့် ရခိုင်အမျိုးသမီးအသင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရခိုင်သဟာယအသင်း (ရန်ကုန်) နှင့် ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်) တို့၏ ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ်မွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရခိုင်ပြည်နယ်မှ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများ၊ ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ ငါးဘာသာ၊ ခြောက်ဘာသာ ဂုဏ်ထူးရရှိကြသော ရခိုင်နွယ်ဖွားများ၊ ဂုဏ်ထူးသုံးဘာသာနှင့်အထက်ရရှိကြသူ အသင်းဝင်များ၏ သားသမီးများ၊ အားကစား၊ စာပေ၊ ဂီတ၊ အနုပညာတို့တွင် နိုင်ငံတော် ဗဟိုအဆင့် ပထမ၊ ဒုတိယ၊ တတိယနှင့် နိုင်ငံတကာအဆင့် ဆုရရှိကြသူ ရခိုင်နွယ်ဖွားများသည် သက်ဆိုင်ရာဆု၊ ဂုဏ်ပြုလက်မှတ် အထောက်အထားများနှင့်အတူ ဖေဖော်ဝါရီ ၁၆ ရက် နောက်ဆုံးထား၍ လျှောက်ထားကြရမည်ဖြစ်ပြီး ငွေနှင့်ပစ္စည်း ချီးမြှင့်လိုသူများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀၀၁၁၈၀၊ ဒေါ်မြည္ဍန့် ဖုန်း-၂၂၆၄၂၅၊ ဒေါ်မြဝင်း ဖုန်း-၅၇၃၁၄၃၊ ဒေါ်ဝင်းမေ ဖုန်း-၃၈၇၄၅၁၊ ဒေါ်ရင်ဖြူ ဖုန်း-၅၇၇၇၃၆၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅၁၀၄၀၀၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁၅၅၄၁၉၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၃နှင့် ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ရခိုင်သဟာယအသင်း ရုံးခန်းအမှတ် ၁၁၅ (ပထမထပ်၊ ညာ) သမိန်ဗရမ်းလမ်း တာမွေမြို့နယ် ဖုန်း-၄၃၀၁၇၂တို့ထံသို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှာစကားပြော

အင်းစိန်မြို့နယ် အနေးယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၁၈ ရက်က အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။ (၁၁၃)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၄)တွင် အစိုးရသစ်နှင့် လူသားအရင်းအမြစ် မျက်နှာဖုံးသတင်းဆောင်းပါး၊ အကယ်ဒမီ မြင်ကွင်းပုံရိပ်များ အချပ်ပိုအပါအဝင် စာမျက်နှာများများဖြင့် ထွက်ရှိနေပြီဖြစ်သည်။

ထွက်ရှိ

ယင်းအပြင် အရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်လာမည့် ထားဝယ်အထူးစီးပွားရေးစက်မှုဇုန်ကြောင့် မြန်မာလူမျိုး သန်းနှင့်ချီ၍ အလုပ်အကိုင်အခွင့်အလမ်းရရှိစေနိုင်ဟုဆို၊ Asian Wings လေကြောင်းလိုင်း စင်းလုံးငှားဝန်ဆောင်မှုပေးမည်၊ မြန်မာသင်္ဘောသားများ ဆိုမာလီဓားပြများလက်မှ ပြန်လည်လွတ်မြောက်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲနှင့် ကျောင်းသားများ သတိပြုဖွယ် ကျန်းမာရေး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ဟာသနှင့် သူတို့အမြင်အကြောင်း၊ ကားရိုက်တွေ အနုပညာအရည်သွေးပြည့်ဝမှ ပြန်ရိုက်ဖို့စဉ်းစားထားတယ် ခင်နန်းထိုက်နှင့်လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

တရုတ်-အမေရိကန် နှစ်ပြည်ထောင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ် စတင်၊ တောင်ကိုရီးယား ကျောင်းသား ကျောင်းသူများ မရိန်းတပ်ထဲသို့ အုပ်စုဖွဲ့၍ အစုလိုက်အပြုံလိုက် ဝင်ရောက်၊ ၂၀၃၀ ပြည့်နှစ်တွင် အာဆီယံဒေသအတွင်း၌ ကမ္ဘာ့ဖလားလက်ခံကျင်းပနိုင်ရေး ဆွေးနွေး၊ အမျိုးသမီး ကွန်ဂရက်အမတ် သေနတ်ပစ်ခံရမှုတွင် ကန်နိုင်ငံ၏ ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ အကြမ်းဖက်တိုက်ခိုက်ခံရသည့်နေ့၌ မွေးဖွားသည့် ကိုးနှစ်အရွယ် မိန်းကလေးတစ်ဦးလည်းသေဆုံး မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင် အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

အစားအစာချက်ပြုတ်နည်း သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံတကာ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းများတွင် ကျွမ်းကျင်စွာ လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ် ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဇန်နဝါရီ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြားပေးမည်

သင်တန်းကာလအတွင်း International Hotel များ၊ Restaurant များရှိ Kitchen ပိုင်းတွင် ချက်ပြုတ်သော အနောက်တိုင်း အစားအစာ၊ အရှေ့တိုင်းအစားအစာ ဟင်းပွဲများ ပြုလုပ်ပြင်ဆင်နည်း၊ အလှဆင်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ သင်ကြားပေးမည်ဖြစ်သည်။

လေ့ကျင့်ပေး

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး နိုင်ငံတကာ ဟိုတယ်ကြီးများတွင် အလုပ်အကိုင်ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးသည်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Preinterview များကို လေ့ကျင့်ပေးသည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဇန်နဝါရီ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃နှင့် ၅၂၃၂၀၀ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်သည်။ **(သတင်းစဉ်)**

အီရတ်–အာဖဂန်ထူးခြားသတင်းများ

အီရတ်–အာဖဂန်ထူးခြားသတင်းများ အီရတ်–အာဖဂန်ထူးခြားသတင်းများ

အာဖဂန်အရှေ့ပိုင်း၌ လေကြောင်းတိုက်ခိုက် တာလီဘန်သူပုန် ၁၀ဦး သေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဟယ်မန့်ပြည်နယ်၌ ဇန်နဝါရီ ၂၆ ရက်က အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာတပ်ဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း နိုင်ငံတကာလုံခြုံရေးကူညီမှုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က ကြေညာသည်။

ဖော်ပြထား

ကဘူးလ်မြို့အရှေ့ဘက် ကီလိုမီတာ ၂၆၀ ခန့်ရှိ ဟယ်မန့်ပြည်နယ်အတွင်း ပစ်မှတ်ထားပြီး နိုင်ငံတကာတပ်ဖွဲ့များက လေကြောင်းမှ နစ်ကြိမ်ပစ်ခတ်ခဲ့ရာ တာလီဘန်လက်နက်ကိုင် ၁၀ ဦးသေဆုံးကြောင်း အိုင်အက်စ်အေအက်ဖ် ကြေညာချက်တွင် ဖော်ပြထားသည်ဟု ဆင်ဟွာသတင်းဌာနက ကြေညာသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ နေတိုးတပ်ဖွဲ့ဝင်များရှိနေသည့်ကြားမှပင် အကြမ်းဖက်မှုများနှင့်လက်နက်ကိုင်တို့၏ နေ့စဉ်ပစ်ခတ်မှုများသည် လျော့နည်းသွားခြင်း မရှိသေးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ အမ်အင်န်အေ၊ဆင်ဟွာ

မိုဆူးလ်မြို့၌ ပြန်ပေးဆွဲမှုဖြစ်ပွား တရားခံအားစုံစမ်းနေ

မိုဆူးလ် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံ အရှေ့ပိုင်း မိုဆူးလ်မြို့တွင် အမည်မသိ သေနတ်သမားများက ဆောက်လုပ်ရေးကန်ထရိုက်တာတစ်ဦးအား ဇန်နဝါရီ ၂၄ ရက်က ပြန်ပေးဆွဲသွားကြောင်း လုံခြုံရေး သတင်းရပ်ကွက်က ပြောကြားသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ၄၀၅ ကီလိုမီတာ အကွာ မိုဆူးလ်မြို့အရှေ့ပိုင်း အယ်မူသန်နာရှိ ၎င်း၏ နေအိမ်အနီးတွင် အရပ်ဘက်ကန်ထရိုက်တာတစ်ဦးအား အမည်မသိ သေနတ်သမားများက ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။

ကန်ထရိုက်တာမှာ အဆိုပါ သေနတ်သမားများနှင့် တွေ့ဆုံအပြီး ပျောက်ကွယ်သွားကြောင်း၊ နောက်ထပ် အသေးစိတ်မသိရသေးကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားလိုက်သည်။ (အင်တာနက်)

အာဖဂန်လုံခြုံရေးတပ်နှင့် နေတိုးတပ်ဖွဲ့တို့ တစ်လအတွင်း တာလီဘန် ၁၀၀ ကျော် ဖမ်းဆီးခဲ့

ကဘူးလ် ဇန်နဝါရီ ၂၆

အာဖဂန်နစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နေတိုးတပ်ဖွဲ့ဝင်များအနေဖြင့် တစ်လအတွင်း တာလီဘန်ဒေသဆိုင်ရာခေါင်းဆောင်နှင့် တပ်မှူးများအပါအဝင် စုစုပေါင်း ၁၀၀ ကျော် ဖမ်းဆီးနိုင်ခဲ့ကြောင်း (အောက်ပုံ)**နိုင်ငံတကာလုံခြုံရေးကူညီမှုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဂျိုးဇက်ဘလော့က ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။**

လွန်ခဲ့သည့် တစ်လတာကာလအတွင်း မိမိတို့သည် တာလီဘန်အဖွဲ့မှ အောက်ခြေနှင့်အလယ်အလတ်မှသည် အဆင့်မြင့်ခေါင်းဆောင်များ အထိပါဝင်သော တာလီဘန်အဖွဲ့ဝင် ၁၀၀ ကျော်အား ဖမ်းဆီးနိုင်ကြောင်း ကဘူးလ်မြို့၌ ပုံမှန်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်မှူးချုပ် ဘလော့ကသတင်းထောက်များအား ပြောကြားလိုက်ခြင်းဖြစ်သည်။

လျော့ပါး

မိမိတို့အရှိန်မြှင့်တင်ခဲ့သော စစ်ဆင်ရေးများ အောင်မြင်ခဲ့ခြင်းကြောင့်တာလီဘန် လက်နက်ကိုင်တို့၏ သောင်းကျန်းမှုအရှိန်ကို အတိုင်းအတာတစ်ခုအထိ ရပ်တန့်သွားစေခဲ့သည့်အပြင် ယခင်ကထက် လျော့ကျသွားစေခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဘလော့က ရှင်းလင်းပြောကြားသည်။

ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်အကြား ၂၄ နာရီအတွင်းမှာပင် မိမိတို့က တာလီဘန်လက်နက်ကိုင်တို့အား သမားရိုးကျနှင့် အထူးစစ်ဆင်ရေး အကြိမ် ၈၀ ကျော် ဆင်နွှဲခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လေကြောင်းမှ တိုက်ခိုက်

အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်များက အာဖဂန်အရှေ့ပိုင်း ဟယ်မန့်ပြည်နယ်၌ လေကြောင်းမှ တိုက်ခိုက်နေသည်ကို ဇန်နဝါရီ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်သို့ထွက်ခွာမည့် အယ်လ်ခိုင်ဒါ ၁၉ ဦးဖမ်းဆီးရမိခဲ့

ကိုင်ရို ဇန်နဝါရီ ၂၆

အီရတ်သို့ ထွက်ခွာမည့် အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သည်ဟု သံသယရှိသူ အာရပ် ၁၉ ဦးအား အီဂျစ်အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးက ဇန်နဝါရီ ၂၅ရက်တွင် ပြောကြားသည်။

အဆိုပါ သံသယရှိသူများသည် တူနီးရှားနှင့် လစ်ဗျားတို့မှဖြစ်ပြီး အီဂျစ်မှတစ်ဆင့် အီရတ်သို့ ထွက်ခွာရန် ကြိုးစားနေစဉ် လေဆိပ်၌ ဇန်နဝါရီ ၂၄ရက်က ဖမ်းဆီးလိုက်ကြောင်း အီဂျစ်နေ့စဉ်သတင်းစာ၌ ဖော်ပြသည်။ **(အင်တာနက်)**

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇန်နဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၂၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၅၉၇**ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၀၈၃၉** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၅၉၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၄၀၈၃၉ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၂၆ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၄၇၆၂** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၅၇၆၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၇၆၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၅၇၆၈ ဦး

(အင်တာနက်)

ဖောင်ပိတ်သတင်း

ဇော်ဦးခိုင်–ရေးသားသည်

ကိုလံဘီယာ၌ ကျောက်မီးသွေးမိုင်းပေါက်ကွဲ အနည်းဆုံးလူ ၂၀ သေဆုံးခဲ့ရ

ဘိုဂိုတာ ဇန်နဝါရီ ၂၆

ကိုလံဘီယာနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဇန်နဝါရီ ၂၆ရက်က ကျောက်မီးသွေးမိုင်းပေါက်ကွဲမှု ဖြစ်ပွားရာ အနည်းဆုံး လူ ၂၀ သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများကပြောကြားသည်။ **(အောက်ပုံ)**

နောက်ဆုံးဖြစ်စဉ်

ပြီးခဲ့သည့်နှစ်က ချီလီနိုင်ငံအတွင်း ကျောက်မီးသွေးမိုင်း ပြိုကျခဲ့ပြီးနောက် တောင်အမေရိကတိုက်၌ မတော်တဆမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ အဆိုပါ ကျောက်မီးသွေးမိုင်းပေါက်ကွဲမှုသည် နောက်ဆုံးဖြစ်စဉ်ဖြစ်ကြောင်း၊ လွန်ခဲ့သည့် ဇွန်လကလည်း ကိုလံဘီယာနိုင်ငံ၌ ကျောက်မီးသွေးမိုင်းပေါက်ကွဲခဲ့ရာ လူ ၇၀ သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုပေါက်ကွဲမှုသည် နော်တီဒီဆန်တန်ဒါပြည်နယ်၌ ဖြစ်ပွားခဲ့ပြီး မီသိန်းဓာတ်ငွေ့ပေါက်ကွဲရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မိုင်းတွင်းတာဝန်ရှိသူ မာရီဆာဖာနန်ဒက်ဇ်က ပြောသည်။

ကိုလံဘီယာ၌ မိုင်းတွင်းများစွာရှိရာ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းကလည်း ကွန်ဒီနာမာကာပြည်နယ်၌ ကျောက်မီးသွေးမိုင်းနှစ်ခု ပေါက်ကွဲခဲ့ရာ၌ မိုင်းလုပ်သားကိုးဦးသေဆုံးခဲ့ရဟုဆိုသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

❖ ရှေ့ဖုံးမှ

ဆောင်ရွက်ပေး

ပွဲတော်ကာလအတွင်း ရန်ကုန်နှင့် မန္တလေးမြို့များတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်အသုံးပြုနိုင်သော Mcwill စနစ်များကိုလည်းကောင်း၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ Mobile Application Software များ၊ Web Hosting နှင့် mm Domain Name များကိုလည်းကောင်း အသုံးပြုလိုသူများသို့ တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးသည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြခန်း၌ EVDO (CDMA စနစ်သုံး Data စနစ်) သုံးစွဲလိုသော လက်ရှိ CDMA 800 MHz တယ်လီဖုန်းသုံးစွဲသူများအား One- Stop Service ဖြင့် ဝန်ဆောင်မှုဖြင့်ဆောင်ရွက်ပေးခဲ့သည်။

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို သတင်းအချက်အလက် နည်းပညာဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၌ အထောက်အကူဖြစ်စေရန်၊ ပြည်သူများ၏ နေ့စဉ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ICT နည်းပညာဖြင့် ဖြည့်ဆည်းပေးနိုင်ရန်၊ ခေတ်မီနည်းပညာရပ်များကို ကမ္ဘာနှင့်အမီ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ ICT Industry ဖွံ့ဖြိုးတိုးတက်ရေးသည် မရှိမဖြစ် အရေးပါသော ကဏ္ဍဖြစ်၍ နိုင်ငံတော်အပိုင်းက ဘက်စုံစဉ်ဆက်မပြတ် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ရတနာပုံ တယ်လီပို့ ကုမ္ပဏီအနေဖြင့် အခြေခံအဆောက်အအုံဖြစ်သည့် အမျိုးသားအဆင့် အင်တာနက် အိတ်ချိန်းတစ်ခု တည်ဆောက်ပြီး ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံ၌ IP Backbone အဆင့်မြှင့်တင်ရေး လုပ်ငန်းများနှင့် IX (Internet Exchange) စက်အသစ်များ ဝယ်ယူတပ်ဆင်ခြင်း၊ VOIP ဖုန်းသုံးစွဲနိုင်ရန်အတွက် IPTV Head End စက်များ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

တည်ဆောက်နိုင်

အဆိုပါ IPTV Head End စက်မှနေ၍ TV Channel များကို စွမ်းဆောင်ရည်အမြင့်ဆုံး HD (High Definition) Quality ဖြင့် ထုတ်လွှင့်ပေးနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ တည်ဆောက်အကောင်အထည်ဖော်ပြီးဖြစ်သည့် IT Infrastructure များအပေါ်၌ ပြည်သူများ အကျိုးရှိစွာ သုံးစွဲနိုင်စေရန်အတွက် တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားဖြစ်ထွန်းစေသည့် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုကဏ္ဍမြောက်မြားစွာပါဝင်သော Yatanarpon National Web Portal ကိုလည်း တည်ဆောက်နိုင်ခဲ့သည်။

ရတနာပုံ Web Portal ပေါ်၌ ကဏ္ဍပေါင်းစုံကို သတင်းအချက်အလက်မြောက်မြားစွာဖြင့် စုစည်းဖော်ပြထားပြီး ဖြစ်သည့်အတွက် အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကတစ်ဦးချင်း မည်သူမဆို Web Portal ကို အသုံးပြု၍ သတင်းအချက်အလက်များ၊ ဓာတ်ပုံများ၊ Video များ၊ အသံဖိုင်များကို တစ်နေရာတည်းမှ ရယူခြင်း၊ ပေးပို့ခြင်းလုပ်ငန်းများကို ကမ္ဘာ့အဆင့်မီ ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြရာ၌ လိုအပ်သည့် Telecommunication Infrastructures နှင့် Legal Framework များ တောင့်တင်းပြည့်စုံမှုရှိစေရန် ဦးစားပေးဆောင်ရွက်ခဲ့ပြီး Human Resources Development ကဏ္ဍအတွက်လည်း ယခုအခါ ရတနာပုံ နည်းပညာ တက္ကသိုလ်ကို တစ်ပါတည်း ဖွင့်လှစ်နိုင်ခဲ့၍ ICT Industry ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အထောက်အကူဖြစ်စေတော့မည်ဖြစ်သည်။

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် ဖွင့်လှစ်ပြသခဲ့သော ပြည်တွင်းပြည်ပကုမ္ပဏီများ၏ ဆက်သွယ်ရေးဆိုင်ရာ ပြခန်းများ၌ စိတ်ဝင်တစား ကြည့်ရှုလေ့လာနေကြသည်ကို တွေ့ရစဉ်။

ပူးပေါင်းပြသ

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် မကြာမီ ပြည်သူများအသုံးပြုနိုင်တော့မည့် မိုဘိုင်းလ်တယ်လီဖုန်းဖြင့် အင်တာနက်အသုံးပြုနိုင်သည့် EV DO, EDGE ကဲ့သို့သော Mobile Data Communications Services, Mcwill (Multi- Carrier Wireless Information Local Loop) နည်းပညာကဲ့သို့သော ဝိုင်ယာလက်ဆက်သွယ်ရေး နည်းပညာများ၊ ဖိုင်ဘာကြိုးတစ်ချောင်းတည်းဖြင့် အင်တာနက်၊ ဖုန်း၊ တီဗွီပါကြည့်နိုင်သည့် FTTH (Fiber To The Home) နည်းပညာ၊ ဂြိုဟ်တုမှတစ်ဆင့် အသုံးပြုနိုင်သည့် MPS (Multi- Play Services) ကျေးလက်ဒေသသုံး ခေတ်မီဆက်သွယ်ရေးစနစ်များကို ပြည်တွင်းကုမ္ပဏီများက သက်ဆိုင်ရာ ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းပြသမိတ်ဆက်ခဲ့ကြသည်။

ယခင်ကျင်းပခဲ့သော မြန်မာအိုင်စီတီပွဲတော်များသည် ပြည်ပနိုင်ငံများ၌ သုံးစွဲနေသော နည်းပညာများနှင့် စက်ပစ္စည်းများကို ဗဟုသုတရရှိနိုင်ရန်သာ ပြသခဲ့သော ပြပွဲများဖြစ်သည်။ ယခုနှစ် မြန်မာအိုင်စီတီပွဲတော်သည် ယခင်ပြပွဲများနှင့်မတူဘဲ ICT နည်းပညာများဖြင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာများကို နိုင်ငံအတွင်းမှာပင် တပ်ဆင်သုံးစွဲနေမှုများကိုပါ ထည့်သွင်းပြသနိုင်၍ အထူးဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

ယခုနှစ် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်ကြီးသည် ယခင်နှစ်များက ကျင်းပခဲ့သည့် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်များထက် ပိုမိုထူးခြားစွာ တိုးတက်မှု ရှိလာသည်ကို မြင်တွေ့ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် ပြသခဲ့သော ဆက်သွယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို တွေ့ရစဉ်။

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းက လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးအဆင့် လုပ်ငန်းဌာန တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လယ်ယာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ဆက်စပ်သည့် လုပ်ငန်းဌာနများမှ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးလက်အောက်ရှိ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ ဒုတိယဦးစီးမှူးနှင့် လက်ထောက်ဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(စိုက်ပျိုးရေး)**

အာစရိယပူဇော်ကြမည်

ရန်ကုန် ဇန်နဝါရီ ၂၆

သနပ်ပင် အထက

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်ညွန့်(ဥက္ကဋ္ဌ) ဖုန်း-၀၅၂-၄၆၁၇၁၊ဦးမိုး ဖုန်း-၀၅၂-၄၆၁၇၈၊ ဒေါ်ဝင်းသိန်း ဖုန်း-၀၅၂-၄၆၁၄၁၊ ဦးကျော်စိုးမင်း ဖုန်း-၀၅၂-၄၆၀၂၆၊ ဦးကျင်သိန်း ဖုန်း-၀၁-၅၄၃၄၀၁၊ ဦးဝင်းကြည် ဖုန်း-၀၉-၈၀၂၄၄၈၀၊ ၀၁-၆၈၇၀၅၆၊ ဒေါ်တင်လေးမြင့် ဖုန်း-၀၉-၈၀၃၀၇၅၆ နှင့် ဒေါ်ရီရီလှ ဖုန်း-၀၁-၂၉၇၄၁၃ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

စစ်ကွင်း အထက

ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း စစ်ကွင်း အထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာ ဆရာမကြီးများအား အကြိမ်(၃၀) မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ၁၃ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက ရွှေရတုခန်းမ၌ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှဆရာ ဆရာမကြီးများဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန်နှင့် ရန်ကုန်မှအသွားအပြန် မော်တော်ယာဉ်စီစဉ်ထားရာ မြေနီကုန်း ရွှေမန်းရုပ်ရှင်ရုံရှေ့တွင် နံနက် ၇ နာရီ၊ အင်းစိန် ဘီအိုစီမှတ်တိုင်တွင် နံနက် ၈ နာရီ စုရပ်ထားပြီး လိုက်ပါလိုသူများ ဦးသန်းစိန် ဖုန်း-၅၄၈၇၀၁၊ ဦးမြင့်သိန်း ဖုန်း-၅၀၄၆၀၉၊ ဦးတင်အောင် ဖုန်း-၇၀၆၈၀၂၊ ဦးတင်ဝင်း ဖုန်း-၅၂၅၁၈၃၊ ဦးခင်ကြွယ် ဖုန်း-၅၃၄၁၂၈၊ ဦးဝင်းမောင် ဖုန်း-၅၂၅၀၄၀၊ ဒေါ်စန္ဒာမြင့် ဖုန်း-၀၉-၅၁၃၂၂၃၄၊ ဦးကြင်စိန်(စစ်ကွင်း) ဖုန်း-၀၅၃-၁၀၃၄၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

ဓာတုဗေဒ/ကုန်ထုတ်ဓာတု(၁၉၇၃-၁၉၇၇)

ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ (၁၉၇၃-၁၉၇၇) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း Central Hotel Yangon ကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကန်တော့ပွဲနှင့် ပတ်သက်၍ သိရှိလိုပါက ဦးကျော်တင့် ဖုန်း-၇၃၀-၁၇၁၈၆၊ ဦးတိုးဝင်း ဖုန်း-၀၉-၈၀၂၀၇၃၅၊ မနွယ်နွယ်အောင် ဖုန်း-၀၉-၅၀၄၇၃၃၀နှင့် မစန်းစန်းနွယ် (ဘုတ်ဆုံ) ဖုန်း-၀၉-၅၀၁၉၁၄၆တို့ထံသို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

အထက(၄) တောင်ဥက္ကလာပ

တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ယင်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဒေါ်ခင်ရွှေမြင့် ဖုန်း-၅၆၄၆၈၆၊ ၀၄၅-၄၅၅၇၇၊ ဒုတိယဗိုလ်မှူးကြီး မျိုးလွင် (ငြိမ်း) ဖုန်း-၀၉-၈၆၂၇၇၂၇၊ ဒေါ်ခင်ဝေကြည် ဖုန်း-၅၆၅၁၂၁၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၃၂၇၇၉၊ ဦးသိန်းထွန်း ဖုန်း-၅၆၁၂၅၁၊ ဦးဝင်းလွင် ဖုန်း-၀၉-၄၉၂၅၉၅၇၈၊ ဒေါ်စမ်းစမ်းဝင်း ဖုန်း-၇၂၅၀၅၄၊ ကိုဝဏ္ဏစိုး ဖုန်း-၇၃၁-၀၄၅၂၅၊ ကိုညီမင်း ဖုန်း-၇၃၀-၈၂၈၇၄ နှင့် ဒေါ်အေးအေးဆင့် ဖုန်း-၇၃၀-၀၀၅၂၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကော့ကရိတ်မြို့ အထက(၁)

ကော့ကရိတ်မြို့ အထက(၁)ကျောင်း၌ (၁၉၅၂-၂၀၁၁ ခုနှစ်အတွင်း) တာဝန်ထမ်းဆောင်ခဲ့ အသက်၅၇နှစ်အထက်နှင့် အငြိမ်းစားယူပြီး ဆရာ ဆရာမကြီးများနှင့်တကွ ၁၉၈၅ ခုနှစ်မတိုင်မီ ကော့ကရိတ်မြို့အတွင်း မူလတန်းကျောင်း ကိုးကျောင်းနှင့် ချောင်းတောင်ရပ် တောင်ပေါ်ရပ်အလယ်တန်းကျောင်းနှစ်ကျောင်းမှ အငြိမ်းစား ဆရာဆရာမကြီးများအား ကျောင်းသားဟောင်းများက ဧပြီ ၃ ရက် (တနင်္ဂနွေနေ့)တွင်ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ရန်ကုန်တွင် ဦးနေဝင်း ဖုန်း-၇၃၀-၀၃၈၄၉၊ ဦးချစ်ထွေး ဖုန်း-၀၉-၄၉၇၀၂၂၀၂၊ ဦးကျော်စိုး ဖုန်း-၀၉-၅၁၃၄၀၅၅၊ မြဝတီတွင် ဒေါ်စီစီသင်း ဖုန်း-၀၉-၅၀၃၉၅၆၅၊ ဒေါ်နီလာ ဖုန်း-၀၉-၄၉၂၈၅၈၇၅၊ ကော့ကရိတ်တွင် ဦးလှတင် ဖုန်း-၀၉-၄၉၂၈၃၀၉၂၊ ဒုတိယဗိုလ်မှူးကြီးလှဝင်း (ငြိမ်း) ဖုန်း-၀၅၈-၄၀၄၈၁၊ ဒေါက်တာဝင်းမြင့် ဖုန်း-၀၉-၄၉၂၇၆၃၂၅၊ ဦးညီညီလွင် ဖုန်း-၀၉-၄၉၂၉၀၅၃၀တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

၁၉၈၁ ခုနှစ် ဘူမိဗေဒ ကျောင်းသားဟောင်းများ

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၈၁ ခုနှစ် ဘူမိဗေဒ ကျောင်းသားကျောင်းသူများ၏နှစ်(၃၀)ပြည့် ပုလဲရတုနှင့်စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ် ၁၆၄/၁၆၈ ဝါးတန်းလမ်းရှိ Doreen Burger and Snacks ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဖိုးညီညီ ဖုန်း-၀၉-၅၀၁၉၆၄၃၊ ဇော်ဝင်းဦး ဖုန်း-၀၉-၈၃၀၄၄၄၅၊ ၀၉-၅၄၅၄၄၄၅၊ ဗလကြီး ဖုန်း-၀၉-၈၀၂၂၁၁၁၊ ရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ကိုညွန့် ဖုန်း-၀၁၇-၂၅၇၃၆၊ မော်စီ ဖုန်း-၀၉-၅၀၁၄၂၈၈၊ စောမြင့် ဖုန်း-၀၉-၅၁၀၇၉၃၀၊ ဝင်းမောင် ဖုန်း-၀၉-၅၁၇၃၀၈၀၊ မျိုးညွန့် (မူတူး)ဖုန်း-၀၉-၂၀၄၂၄၅၄၊ ကျော်ဝဏ္ဏ ဖုန်း-၀၉-၅၀၄၂၁၈၆နှင့် ဥာဏ်မင်းဒင် ဖုန်း-၀၉-၅၁၈၂၆၆၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ခွေးရူးရောဂါ ကြောက်စရာ

ဒေါက်တာခင်ရွှေ (တိရစ္ဆာန်ဆေးကုဆရာဝန်)

ကျွန်တော်က တိရစ္ဆာန်ဆေးကု ဆရာဝန်တစ်ယောက်ပါ။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်က ကိုယ်ပိုင်ဆေးကုခန်းဖွင့်ရင်း ဆေးကုသရေး အတွေ့အကြုံများကိုရေးသားပြီး အများပြည်သူကျန်းမာရေးအတွက် ပညာပေးဆောင်းပါးများအဖြစ် သတင်းစာများမှာ ဖော်ပြခဲ့ဖူးပါတယ်။ အဲဒီတုန်းက ကျွန်တော့်ရဲ့ မျက်စိရှေ့မှာပဲ ခွေးရူးနဲ့ သေဆုံးသွားတဲ့ ခွေးတွေ၊ လူတွေကို တွေ့ခဲ့ရလို့ ခွေးရူးရောဂါနှင့် ပတ်သက်ပြီး သတိရှိကြဖို့အတွက် အသိပညာပေးခဲ့ပါသေးတယ်။

ဒီလိုကြောက်စရာကောင်းတဲ့ ခွေးရူးရောဂါဟာ (Rhabdo Virus) ပိုးကြောင့် ဖြစ်ရတာဖြစ်ပြီး ဒီရောဂါပိုးကြောင့် သွေးနွေးသတ္တဝါတွေဖြစ်တဲ့ (ခွေး၊ ကြောင်၊ မြေခွေး၊ တောခွေး၊ ဝက်၊ နွား၊ သိုး၊ ဆိတ်၊ လင်းနို့…) တွေရဲ့တံတွေးနဲ့ ပြန်ရည်တွေကတစ်ဆင့် ရောဂါပိုးကူးစက်ပြန့်ပွားတာ ဖြစ်ပါတယ်။ ဒါကြောင့် ခွေးရူးရောဂါဟာ ခွေးကိုက်ခံရမှမဟုတ်ဘဲ ခွေးကိုက်မခံရဘဲနှင့် ခွေးရူးရောဂါဖြစ်နေတာကို မသိဘဲ ခွေးကိုပြုစု၊ ကုသပေးတဲ့သူတွေမှာလည်း ရောဂါကူးစက်နိုင်တာကို အထူးဂရုပြုရပါမယ်။ အထူးသဖြင့် ခွေးမှာ ခွေးရူးရောဂါ လက္ခဏာမပြသေးသော်လည်း ရောဂါကူးစက်ခံရပြီဖြစ်တဲ့ သတ္တဝါရဲ့ တံတွေးနဲ့ ပြန်ရည်ဂလင်း (နှာရည်၊ မျက်ရည်) တွေမှာ ခွေးရူးရောဂါပိုးတွေ ရှိနေပြီးဖြစ်လို့ အဲဒီအရည်တွေနဲ့ လူရဲ့ခန္ဓာကိုယ်ထဲကို ထိခိုက်ရှနာတွေကတစ်ဆင့် လူမသိ၊ သူမသိ ကူးစက်ရောက်ရှိနိုင်ပါတယ်။

ဒီရောဂါပိုးတွေဟာ နာ့ဗ်ကြောတွေကတစ်ဆင့် ကူးစက်စေတာကြောင့် ရောဂါကူးစက်ခံရရင် ရောဂါလက္ခဏာတွေ ချက်ချင်းမပြပါဘူး။ ဒါပေမယ့် ရောဂါကူးစက်ခံရတဲ့နေရာနဲ့ ဦးနှောက်နှင့်အနီးအဝေး၊ နာ့ဗ်ကြောအနည်းအများနဲ့ ခွေးကိုက်ဒဏ်ရာ အကြီးအသေးကိုလိုက်ပြီး ရောဂါလက္ခဏာပေါ်ပေါက်တဲ့အချိန် ကွာခြားနိုင်ပါတယ်။ (ဒါကြောင့်လည်း ခွေးကိုက်လို့ ဘာမှမဖြစ်ပါဘူးဟုဆိုပြီး ခွေးကိုက်ဒဏ်ရာပျောက်ပြီး သုံး၊ လေးလ၊ ဒါမှမဟုတ် သုံးနှစ်ခန့်ကြာပြီးမှ ခွေးရူးရောဂါနဲ့ သေဆုံးမှုမျိုးကို အံ့သြဖွယ်ကြုံတွေ့ကြရပါတယ်။) သာမန်အားဖြင့် ခြေထောက်မှာ ကိုက်ခံရတာဆိုလျှင် ၆၄ ရက်ခန့်၊ လက်မောင်းဆိုလျှင် ၃၂ ရက်၊ မျက်နှာနှင့် လည်ပင်း အနီးတစ်ဝိုက်မှာဆိုလျှင် ၂၇ ရက်ခန့်ကြာတတ်တာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ရောဂါစတင်ကူးစက်ဖြစ်ပေါ်တဲ့နေရာဟာ ဦးနှောက်နဲ့နီးပြီး ဒဏ်ရာကြီးလေလေ ခွေးရူးရောဂါဖြစ်တာ မြန်လေလေပါပဲ။ ခန့်မှန်းခြေအားဖြင့် ခွေးရူးရောဂါလက္ခဏာများဟာ လူမှာခွေးကိုက်ခံရပြီး ငါးပတ်မှ ရှစ်ပတ်အထိ ကြာတတ်ပေမယ့် တချို့မှာ သုံးလ၊ လေးလကနေ သုံးနှစ်ခန့်ကြာပြီးမှ ခွေးရူးရောဂါလက္ခဏာတွေပေါ်ပြီး သေဆုံးခဲ့ရတာတွေရှိခဲ့ပါတယ်။

ဒါ့အပြင် လူတွေသတိထားရမှာက ခွေးရူးရောဂါဖြစ်နေတဲ့လူကို ခွေးရူးရောဂါဖြစ်မှန်းမသိဘဲနဲ့ အတူနေတဲ့အချိန်မှာ ခွေးရူးရောဂါပိုး မကူးစက်အောင် ဂရုပြုဖို့လိုအပ်ပါတယ်။ အဓိကအားဖြင့် ခွေးရူးရောဂါခံစားနေရပြီဖြစ်တဲ့ လူမှာ ရေကြောက် (hydrophobia) တတ်ပါတယ်။ ဒီလက္ခဏာဟာ လူမှာထင်ရှားတဲ့လက္ခဏာပဲဖြစ်ပါတယ်။ ရေငတ်လို့ရေသောက်ချင်ပေမယ့် တကယ်ရေသောက်လိုက်တဲ့အခါမှာ လည်ပင်းဘေးမှာရှိတဲ့ ကြွက်သားတွေကြောင့် အသက်ရှူကျပ်လာပါတယ်။ ဒါကြောင့် ရေကိုသောက်ချင်ပေမယ့် ရေကိုမြင်ရင် ကြောက်နေပါတော့တယ်။ ပြီးတော့ ပါးစပ်မှ တံတွေးများစီးကျနေတတ်ပါတယ်။ ဒီအခါမှာ တံတွေးထဲမှာ ခွေးရူးရောဂါဖြစ်စေတဲ့ ရောဂါပိုးတွေရောက်နေပါပြီ။ ဒီလိုအခါမျိုးမှာ ပြုစုတဲ့သူတွေမှာ လတ်တလော ထိခိုက်ရှနာဒဏ်ရာများမှတစ်ဆင့် ထိတွေ့မိတဲ့အခါ ခွေးအကိုက်မခံရဘဲနဲ့ ခွေးရူးရောဂါ ကူးစက်သွားနိုင်ပါတယ်။ (ဒါကလည်း မဖြစ်သင့်ဘဲ ဆုံးပါးသွားရတာမျိုးမို့ မဖြစ်အောင် ဂရုစိုက်ရမှာပါ။)

ခွေးရူးကိုက်ခံရလို့ ခွေးရူးရောဂါရပြီဆိုရင် တွေ့ရှိနိုင်တဲ့ လက္ခဏာတွေကတော့ ကိုက်ခံရတဲ့ဒဏ်ရာက ပျောက်နေပေမယ့် ယားယံနေတတ်ပါတယ်။ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ အဖျားဝင်ခြင်း၊ တံတွေးများကျဆင်းလာပြီး ဒေါသထွက် စိတ်မထိန်းနိုင်ဖြစ်ခြင်း၊ အချို့မှာအကြောဆွဲသကဲ့သို့ဖြစ်ခြင်း၊ နောက်ဆုံးတွင် ကြောက်လန့်ဖွယ်ကောင်းအောင် အော်ဟစ်၍ ဝက်ရူးပြန်သကဲ့သို့ဖြစ်ကာ တက်ခြင်း၊ အသက်ရှူကျပ်ကာ သေဆုံးခြင်းတို့ကို တွေ့ရတတ်ပါတယ်။

ခွေးရူးပြန်ရောဂါဟာ ခွေးတွင်သာမက သွေးနွေးသတ္တဝါများအတွင်း ကူးစက်ဖြစ်ပေါ်တဲ့အခါ မည်သည့်တိရစ္ဆာန်မှာမဆို (၁) မူလအမူအကျင့်များ ပြောင်းလဲခြင်း၊ (၂) စားနေကျမဟုတ်သော အစာများစားခြင်း၊ (၃) တံတွေးများ ထွက်ကျနေခြင်း၊ (၄) အစာစား၊ ရေသောက်ခြင်း လုံးဝမလုပ်တော့ဘဲ ဆိတ်ငြိမ်ရာအရပ်ကို ရှာဖွေနေထိုင်ခြင်း၊ (၅) ဆီးမကြာခဏသွားတတ်ခြင်း၊ (၆) တချို့သော တိရစ္ဆာန်အထီးကောင်များတွင် လိင်အင်္ဂါများ အပြင်သို့ ထွက်ကျနေခြင်းတို့ကို တွေ့ရတတ်ပါတယ်။

ရောဂါဖြစ်နေတဲ့ခွေးတွေမှာ ထင်ရှားတဲ့ လက္ခဏာပုံစံနှစ်မျိုးရှိပါတယ်။ ပထမတစ်မျိုးကတော့ ရန်လိုတဲ့ပုံစံဖြစ်ပြီး အဲဒီပုံစံမျိုးမှာခွေးဟာ ဒေါသထွက်လွယ်ခြင်း၊ မျက်မှောင်ကုတ်၍နေခြင်း၊ စူးရှအသံလာရာကို စူးစိုက်တတ်ပြီး စိတ်ကယောင်ချောက်ချားဖြစ်ကာ လှည့်လည်သွားလာနေခြင်း၊ လူနှင့်တိရစ္ဆာန်စတဲ့ လှုပ်ရှားနေတဲ့အရာတွေကို လိုက်ကိုက်တတ်ခြင်း၊ သစ်သား၊ ကောက်ရိုး၊ သံတို သံစများကိုစားခြင်း စတာတွေကို တွေ့ရတတ်ပါတယ်။ ခြံလှောင်အိမ်နဲ့ မွေးမြူထားတဲ့ ခွေးတွေမှာ ခြံလှောင်အိမ်ကိုကိုက်ထားလို့ သွားများကျိုးပဲ့ပြီး သွေးစသွေးနများ ထွက်နေတတ်ပါတယ်။ ခွေးငယ်လေးများမှာတော့ လူများနဲ့ ပွတ်သီးပွတ်သပ်ကစားရင်း ရုတ်တရက်ကိုက်တတ်ပါတယ်။ အခြေအနေဆိုးရွားလာပါက ဒယိမ်းဒယိုင်ဖြစ်၊ ရုတ်တရက်အကြောဆွဲတတ်ကာ အသက်ရှူရပ်ပြီး သေဆုံးကြပါတယ်။ ခွေးရူးကိုက်ခံရသော ကြောင်များတွင်လည်း ပိုင်ရှင်ကို မသိတော့ဘဲ ရုတ်တရက်ကိုက်ခြင်း၊ ကုတ်ဆွဲခြင်းမျိုး ပြုလေ့ရှိတတ်ပါတယ်။

ဒုတိယတစ်မျိုးကတော့ ငြိမ်းအေးတဲ့ ပုံစံမျိုးနဲ့ ခွေးဟာ လူကိုမကိုက်နိုင်တော့ဘဲ အကြောလျှော့ရွေပြီး မြေပြင်တွင်လဲနေတတ်ပါတယ်။ ပါးစပ်နဲ့ လည်ပင်းကြွက်သားတွေ အကြောသေပြီး အစာနှင့်ရေမမျိုနိုင်ဘဲ အောက်နှုတ်ခမ်းတစ်ခုလုံး တွဲကျနေတတ်ပါတယ်။ တံတွေးများလည်း ထွက်ကျကာ အကြောဆွဲပြီး နောက်ဆုံးထွက်သက်ကို ရှူသွားတတ်ကြရပါတယ်။ ဒီပုံစံမျိုးနဲ့ သေတဲ့ခွေးဟာ ရေကိုကြောက်ရွံ့ခြင်း နည်းပါးတာကို တွေ့ရပါတယ်။ လူများစုဟာ လမ်းပေါ်မှာ တံတွေးများကျပြီး အမြီးကုပ်ကာ ဒယိမ်းဒယိုင် ပြေးလွှားနေတဲ့ခွေးမှ ခွေးရူးဟု ထင်တတ်ကြပါတယ်။ ငြိမ်းအေးတဲ့ပုံစံမျိုးနဲ့ ခွေးရူးရောဂါ ခံစားနေရတဲ့ခွေးကို ရိုးရိုးနေမကောင်းဖြစ်တာပဲလို့ ထင်မှတ်ပြီး ခွေးကိုသနားသောစိတ်နဲ့ ဆေးဝါးကုသပြုစုမိရာကနေ ခွေးအဟပ်ခံရပြီး ခွေးရူးရောဂါဖြင့် သေဆုံးကြရခြင်းဖြစ်ပါတယ်။

လူတွေမှာ ခွေးရူးရောဂါကူးစက်ပြန့်ပွားမှုနှင့် ပတ်သက်ပြီး အသက်ဆုံးရှုံးမှုမရှိစေရန် ပထမဆုံးဆောင်ရွက်ရမယ့် လုပ်ငန်းမှာ ခွေးများတွင် ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံထားရန် ဖြစ်ပါတယ်။ မိမိတို့ အိမ်ခြံများတွင် မွေးမြူထားသော ခွေး/ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေးကို ကြိုတင်ထိုးနှံထားခြင်းဖြင့် ခွေးရူးခြင်းမှ ကြိုတင်ကာကွယ်ထားနိုင်ပါတယ်။ ခွေး/ကြောင်လေးများ အသက်သုံးလအရွယ်မှစ၍ ခွေးရူးရောဂါကာကွယ်ဆေးကို ပထမအကြိမ် ထိုးနှံပြီး တစ်နှစ်တစ်ကြိမ် မှန်မှန်ထိုးနှံခြင်းဖြင့် ခွေးရူးခြင်းမှ ကာကွယ်နိုင်ပါတယ်။ သို့ရာတွင် ခွေးရူးရောဂါကာကွယ်ဆေးဟာ ခွေးမှာဆေးထိုးပြီး ၁၀ ရက်ကျော်မှ ရောဂါကာကွယ်နိုင်ခြင်း၊ အချို့ကာကွယ်ဆေးများမှာ ဆေးအစွမ်းသတ္တိ ကင်းမဲ့နေတတ်ခြင်း (ရေခဲဖြင့် ဆေးကို သယ်ဆောင်ခြင်း၊ သိမ်းဆည်းခြင်း မပြုသည့်အခါ)တို့ ဖြစ်တတ်သဖြင့် ခွေးရူးကာကွယ်ဆေး ထိုးထားသည်ဟု ဆိုသော်လည်း ဘာမှမဖြစ်ပါဘူးဟု စိတ်ချလက်ချမနေဘဲ ခွေးကိုက်ခံရပြီဆိုပါက ခွေးရူး မရူးကို ၁၀ ရက်ခန့် စောင့်ကြည့်ရန် လိုအပ်ပါတယ်။

ခွေးရူးရောဂါပြန့်ပွားမှု ထိန်းချုပ်ရာတွင် ဒုတိယအချက်အနေဖြင့် တစ်နေ့ထက်တစ်နေ့ များပြားလာနေတဲ့ ခွေးလေခွေးလွင့်များကို ထိန်းချုပ်ရန်လိုပါတယ်။ နိုင်ငံရပ်ခြားတွင် ခွေးမွေးမယ်ဆိုပါက ခွေးကို သက်ဆိုင်ရာဌာနမှာ မှတ်ပုံတင်ရပါတယ်။ သတ်မှတ်ထားတဲ့အချိန်မှာ ခွေးရူးရောဂါကာကွယ်ဆေးကို အချိန်မှန်မှန် ထိုးပေးရပါတယ်။

ခွေးရူးရောဂါကာကွယ်ရေးအတွက် တတိယအချက်အနေနဲ့ ကလေးလူကြီးမကျန် ခွေးမကိုက်အောင် ဂရုတစိုက် သွားလာကြရမှာဖြစ်ပါတယ်။ ခွေးလေခွေးလွင့် ပေါများတဲ့နေရာကို လူကြီးမပါဘဲ ကလေးငယ်တစ်ဦးတည်း မခိုင်းစေသင့်ပါ။ ကလေးငယ်များကိုလည်း မိမိမသိသော ခွေးများကို ကိုင်တွယ်ပွတ်သပ်ခြင်း မပြုလုပ်စေသင့်ပါ။

ခွေးကိုက်ခံရပြီဆိုပါက ခွေးကိုက်ဒဏ်ရာကို ရေများများနဲ့ လောင်းချစေပြီး သွေးများကိုညှစ်ထုတ်ကာ ကာဘော်လစ်ဆပ်ပြာနဲ့ ချက်ချင်းဆေးကြောရမယ်။ ဒဏ်ရာကို အရက်ပြန်၊ အိုင်အိုဒင်းဆေးရည်တို့နဲ့ သုတ်လိမ်းပြီး ပတ်တီးစည်းခြင်း၊ ချုပ်ခြင်းတို့ကို မပြုလုပ်ရပါ။ လိုအပ်ပါက မေးခိုင်ရောဂါကာကွယ်ဆေးကို ထိုးနှံရပါမယ်။ ကိုက်တဲ့ခွေးကိုလည်း ချက်ချင်းမသတ်ဘဲ ခွေးရူး မရူးကို ၁၀ ရက်ခန့် စောင့်ကြည့်ဖို့လိုပါတယ်။ ဒီလိုမဟုတ်ဘဲ ခွေးကို အများက ဝိုင်းသတ်မိပြီဆိုပါက ခွေးသေ၏ ဦးခေါင်းကိုဖြတ်၊ ပလတ်စတစ်အိတ်နဲ့ထည့်ပြီး ရေခဲထဲမှာစိမ်ကာ ခွေးရူးရောဂါပိုး ရှိ မရှိကို စမ်းသပ်စစ်ဆေးရန် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ (ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန NHL အမှတ် ၃၅ မော်ကွန်းတိုက်လမ်း ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး)သို့ ပို့ရပါမယ်။ ခွေးရူးရောဂါပိုးတွေ့ရှိရပါက ခွေးရူးရောဂါ ကာကွယ်ဆေးထိုးရန် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ပြသကာ ကာကွယ်ဆေးထိုးခံရပါမယ်။

ခွေးရူးရောဂါကာကွယ်ဆေးဟုဆိုရာမှာ ခွေးရူးရောဂါကာကွယ်ဆေးနှင့် ခွေးရူးအဆိပ်ဖြေဆေးဆိုပြီး နှစ်မျိုးရှိပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေးလို့ ဆိုရာမှာ ခွေးရူးရောဂါပိုးနဲ့ ပတ်သက်ပြီး ကိုယ်ခန္ဓာက ကိုယ်ခံစွမ်းအား (Antibody) တက်အောင် ပြုလုပ်ပေးခြင်းဖြစ်ပြီး ဆေးအစွမ်းရရန် အချိန်စောင့်ရပါတယ်။ ဥပမာ - HUMAN DIPLOID CELL STRAIN. VACCINE (HDCSV) ခွေးရူးအဆိပ်ဖြေဆေးဆိုတာ ခွေးရူးရောဂါပိုးမှ ထွက်လာတဲ့အဆိပ်ရည်ကို ပြေစေရန်အတွက် စွမ်းအားရှိသော ဆေးရည်ဖြစ်ပါတယ်။ (ဥပမာ- ANTI RABIES IMMUNO GLOBULIN)

နောက်ဆုံးအနေနဲ့ သတိပေးလိုတာက ခွေးရူးရောဂါပိုးဟာ ခွေး၊ ကြောင်၊ သွေးနွေးသတ္တဝါတွေကတစ်ဆင့် ကူးစက်ရာမှ လင်းနို့များကလည်း ကူးစက်နိုင်ကြောင်း သတိပြုဖို့လိုပါတယ်။ မကြာသေးမီရက်အတွင်းက စာရေးသူနေထိုင်ရာအိမ်ထဲကို နေ့လယ်ပိုင်းမှာ လင်းနို့ကြီးတစ်ကောင်ဝင်ရောက်လာပြီး အိမ်ရှေ့ကနေ အိမ်နောက်ကို ခေါက်တုံ့ခေါက်ပြန် ပျံသန်းနေခဲ့ပါတယ်။ လင်းနို့တွေမှာ ခွေးရူးရောဂါပိုးများဝင်ရောက်နေပေမယ့် လင်းနို့များမှာ မည်သို့မျှ အကျိုးသက်ရောက်မှုမရှိဘဲ ခံနိုင်ရည်ရှိကြပါတယ်။ ဒါပေမယ့် ထိုလင်းနို့များကိုက်ခံရတဲ့ သွေးနွေးသတ္တဝါတွေမှာတော့ ခွေးရူးရောဂါဖြစ်ပွားနိုင်ပါတယ်။ ဒေါက်တာတင်တင်မြိုင် (မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်)ရဲ့ ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်ဆက်နွှယ်နေသော တိရစ္ဆာန်တို့၏ ကူးစက်ရောဂါများစာအုပ်တွင် 'လင်းနို့မှာ ခွေးရူးရောဂါဖြစ်ပွားခဲ့လျှင် သဘာဝကို သွေဖည်၍ နေ့လယ်ခင်း၌ ပျံသန်းကြသည်'ဟု လေ့လာမှတ်သားရတဲ့အတွက် လင်းနို့အကိုက်မခံရအောင် ပြုလုပ်ပြီး လင်းနို့ကို မောင်းထုတ်ခဲ့ရတယ်။

အချုပ်ဆိုရရင် ခွေးရူးပြန်ရောဂါဟာ ကြိုတင်ကာကွယ်လို့သာရပြီး ရောဂါလက္ခဏာတွေ ပေါ်ပေါက်လာပြီဆိုရင် ကုသလို့မရနိုင်တဲ့ ရောဂါဆိုးတစ်မျိုးဖြစ်လို့ ကြောက်မက်ဖွယ်ကောင်းတဲ့ ရောဂါဆိုးအန္တရာယ်မှ ကင်းဝေးဖို့ ခွေးကိုက်ခြင်းမှ ကာကွယ်ရမှာဖြစ်ပြီး ခွေးကိုက်ခံရပါကလည်း နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်များနဲ့ ကုသခြင်းဖြင့်သာ နိုင်ငံ့သားကောင်း ရတနာလေးများ အကျိုးမဲ့ဆုံးရှုံးခြင်းမှ ကင်းလွတ်ပါမည့်အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

သမဝါယမဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇန်နဝါရီ ၂၆

သမဝါယမဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် တက်ရောက် အမှာစကားပြောကြားသည်။

စနစ်တကျဆောင်ရွက်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ ဗဟိုသမဝါယမအသင်းနှင့် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဗဟိုသမဝါယမအသင်း၏ လုပ်ငန်းများနှင့် CB Bank ၏ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်/ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သမဝါယမ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း တင်ပြကြသည်။

သုံးသပ်ဆွေးနွေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရွှေပြည်သာ ပန်းခြံအတွင်း မြေယာရှုခင်း ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၉ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်ရှိန်ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲမျိုးစုံ နှင့် နှမ်းကုန်သည်အသင်းအမှုဆောင်များ ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၆

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ဇန်နဝါရီ ၂၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် Spring Fair ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ပါဝင်ပြသနိုင်ရန်အတွက် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အလုပ်အမှုဆောင် ဦးသောင်းဟန်သည် ရန်ကုန်မြို့မှ ဇန်နဝါရီ ၁၈ ရက်တွင်လည်းကောင်း၊ အလုပ်အမှုဆောင် ဦးမြင့်ကြူ၊ အသင်းဝင် ဦးစိန်မင်း (ပထမထိပ်တန်း ဂရုကုမ္ပဏီ) တို့သည် ဇန်နဝါရီ ၁၉ ရက်ကလည်းကောင်း ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်၊ အတွင်းရေးမှူး ဦးမင်းကိုဦးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**

မြောင်းမြမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၆

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်းဒေသကြီးမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များထဲမှ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ သုံးဘာသာနှင့်အထက် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများစာရင်းနှင့် တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူများသည် ဥက္ကဋ္ဌ ဦးဝင်းကြည် ဖုန်း-၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းနွယ် ဖုန်း-၆၆၂၀၈၆၊ ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈၊ ဒေါ်မြင့်မြင့်သန်း မြောင်းမြဒေါ်ချို မုန့်ဟင်းခါး ရေတာရှည်လမ်း ဗဟန်း ဖုန်း-၅၄၈၅၀၁၊ ၀၉-၅၀၉၄၉၁၁နှင့် မြောင်းမြမြို့ရှိ နာယက ဦးယုထော် ဖုန်း-၀၄၂-၇၀၀၁၈နှင့် ဦးကျော်သန်း၊ ဦးဇော်ဝင်း ဖုန်း-၀၄၂-၇၀၂၉၇ (ဇော်ရတနာရွှေဆိုင်)နှင့် ဆရာမဒေါ်ရီရီမင်းတို့ထံသို့ ဆက်သွယ်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဝန်ကြီး သူရဦးအေးမြင့်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးသူရဦးအေးမြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Junhua နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်နိုင်ငံအားကစားအဖွဲ့များ အပြန်အလှန် စေလွှတ်၍ ချစ်ကြည်ရေးပြိုင်ပွဲများ ယှဉ်ပြိုင်ရေး၊ နည်းပြများ ငှားရမ်းလေ့ကျင့်ရေးနှင့် အားကစားအဖွဲ့အချင်းချင်း ပူးတွဲလေ့ကျင့်ရေး၊ အားကစားပြိုင်ပွဲကျင်းပခြင်း အတွေ့အကြုံများ ဖလှယ်ရေး၊ နှစ်နိုင်ငံ အားကစားဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားကြရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေကျင်၌ ကျေးလက်စာကြည့်တိုက်ဖွင့်

ရွှေကျင် ဇန်နဝါရီ ၂၆

ရွှေကျင်မြို့နယ် အင်းဂနီကျေးရွာ၌ ထိုးဖောက်မြင်သိ နတ်မျက်စိ စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ရွှေကျင်မြို့နယ် ဥက္ကဋ္ဌ ဦးသိန်းဦး အမှာစကား ပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်တိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့် အလှူရှင်များက သုတရသစာအုပ်မျိုးစုံ၂၇၀ကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ရီက လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးရည်နှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၆

စိုက်ပျိုးရေးလုပ်ငန်းသုံး သီးနှံဖျက်ပိုးနှိမ်နင်းရေး ဆေးဝါးပစ္စည်းများရောင်းချသော လုပ်ငန်းရှင်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချရေး၊ အဆိုပါ ဆေးဝါးများကို စိုက်ပျိုးရေးလုပ်ငန်းတွင် အကျိုးရှိစွာ အသုံးပြုနိုင်ရေးနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးတို့အတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ရေကြည်မြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံး၌ ဒီဇင်ဘာ ၂၉ ရက်က ပညာပေး ဟောပြောပွဲကျင်းပသည်။ **(အပေါ်ပုံ)**

ပညာပေးဟောပြော

အဆိုပါ ပညာပေးဟောပြောပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဦးဝင်းစိုး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးဇော်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးသိန်းတို့က ပညာပေးဟောပြော ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းနှင့် ဦးစီးအရာရှိ ဦးတင်အောင်လွင်တို့ ဒီဇင်ဘာ ၂၄ ရက်က ဒေါနလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကျောက်များခင်းကျင်းနေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကနီမြို့နယ်စည်ပင် စကားဝါလမ်း ဂျင်းမြေခင်း

ကနီ ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော စကားဝါလမ်းဂျင်းမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင့်လွင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်ဆိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

အင်ဂျင်နီယာနှင့်အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၆

GLORY သင်တန်းကျောင်းတွင် လူငယ်များ အနာဂတ်ဘဝ ခိုင်မာစေရန်အတွက် လက်တွေ့အသုံးချနိုင်သောအသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်များ သင်ကြားနေပြီး ရွေးချယ်နိုင်သော သင်တန်းအမျိုးအစားများမှာ ဂဟေဆက်နှင့် ပိုက်ပြင် ပိုက်ဆက်သင်တန်းများ၊ တွင်ခုံသင်တန်း၊ အင်ဂျင်စက်ပြင်သင်တန်း၊ မော်တော်ကား ဝိုင်ယာရိန်းသင်တန်း၊ မော်တာ၊ ဒိုင်နမို၊ ထရန်စဖော်မာ ကွိုင်ပတ်ခြင်း သင်တန်း၊ စက်ရုံ အလုပ်ရုံဝိုင်ယာရိန်း သင်တန်း၊ Electrical Control သင်တန်း၊ အဲယားကွန်း၊ ရေခဲသေတ္တာ ကျွမ်းကျင်သင်တန်း၊ TV, DVD, EVD စက်ပြင် သင်တန်း၊ အသုံးချအီလက်ထရွန်နစ် သင်တန်း၊ Marine Electrical and Fitter သင်တန်းနှင့် PIC, CNC, PLC အဆင့်မြင့်အင်ဂျင်နီယာသင်တန်းများ အစရှိသည်တို့ ဖြစ်သည်။

သင်ကြားပေး

သင်တန်းအများစုမှာ သင်တန်းကာလ တစ်လမှသုံးလအထိ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းအားလုံးတွင် စာတွေ့ ၅၀ ရာခိုင်နှုန်း၊ လက်တွေ့ ၅၀ရာခိုင်နှုန်း အချိုးညီညီ သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်း အချို့အတွက် သီးသန့် Workshop ထားရှိကာ လက်တွေ့သင်ခန်းစာများကို သင်ကြားပေးသည်။

ထို့အပြင် GLORY သည် City & Guilds (UK) ၏ Approved Training Centre အဖြစ်ရယူပြီး Engineering Diploma နှင့် Advanced Diploma သင်တန်းများကိုလည်း ဖွင့်လှစ်နေသည်။သင်တန်းအမျိုးအစား ၁၅ မျိုးထဲမှ မိမိနှစ်သက်ရာ Major ကိုရွေးချယ်တက်ရောက်နိုင်သည်။ အဆိုပါသင်တန်းများကို GLORY တွင် တက်ရောက်ပြီး ပြည်ပစာမေးပွဲ ဖြေဆို အောင်မြင်ပါက NQF Level (2) မှ (5) အထိ အဆင့်ရှိ အောင်လက်မှတ်များကို City and Guilds (UK) မှ ချီးမြှင့်သည်။

ဆက်သွယ်စုံစမ်းနိုင်

တန်းခွဲသစ်များကို ဖေဖော်ဝါရီလဆန်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများသည် အမှတ် ၁၂၅/B (ပထမထပ်) ၃၈လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၄၃၁ နှင့် ၀၁-၇၃၁၂၁၇၁၇၊ Website: www.glory-education.com တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၃ ရက်က ကျင်းပသော မင်္ဂလာဒုံမြို့နယ် အမှတ် (၃၃) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်း၌ ပထမဆုရရှိသော မကြည်လင်သန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

သဘာဝဘေးအန္တရာယ်ဆိုင်ရာ တွံတေး၌ ဟောပြော

တွံတေး ဇန်နဝါရီ ၂၆

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲကိုရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပသည်။ ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေးဆိုင်ရာ အခြေခံသဘောတရားများ၊ အရေးပေါ်တုံ့ပြန်မှုများ ကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများအကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ကျောင်းများတွင် လက်တွေ့လေ့ကျင့်အကောင်အထည်ဖော်နိုင်ရေး ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။**(အောက်ပုံ)** **(၁၀၅)**

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

မြဝတီရုပ်မြင်သံကြား

၂၇-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ဗွီစီဒီကျော်ကြားတေး
၄း၂၅	၅။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၆။	သက်တံရောင်ခြယ် အသီးအရွက်ဟင်းလျာ အသွယ်သွယ်
၄း၄၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၈။	မွေးမြူသုတ
၅း၁၀	၉။	ရန်သူမီး
၅း၃၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၃၄)
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၅။	ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ** (အပိုင်း-၄၂)
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၃၂)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	အနုပညာရှင်၏တစ်နေ့တာ
	၂၂။	ကုန်သွယ်သုတ/ ရေးဟောင်းသုတ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၁)
	၂၅။	ဂီတရင်ခုန်သံ

ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံအမတ်ကြီးနေအိမ်၌ ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၂)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

အဆိုပါ စမတ်မိုဘိုင်းလ်ဖုန်းသည် ယင်းအစီအစဉ်တွင် အံ့သြဖွယ်ကောင်းအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း SSTL ကုမ္ပဏီ စီမံကိန်းမန်နေဂျာ ရှာအန်ကီယွန်က ပြောကြားသည်။ အဆိုပါ မစ်ရှင်တွင် ဗြိတိန်အာကာသ စူးစမ်းလေ့လာရေးတက္ကသိုလ်မှ သုတေသီများနှင့် ယင်းကုမ္ပဏီတို့က စီမံကိန်းကို ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ ယင်းမစ်ရှင်ကို အာကာသသုတေသနလေ့လာရေးနှင့် နာနိုဂြိုဟ်တုသရုပ်ပြအဖွဲ့ (STRAND-1) ဟု လူသိများကြသည်။

အာကာသနှင့် ကမ္ဘာမြေတို့အကြား ဆက်သွယ်အသုံးပြုနိုင်မည့် ဖုန်းများသည် အရည်အသွေးပိုမိုကောင်းမွန်သော ဖုန်းများဖြစ်လာမည်ဖြစ်ကြောင်း ၎င်းမစ်ရှင်အဖွဲ့က ပြောကြားသည်။ အာကာသနှင့် ကမ္ဘာမြေတို့အကြား စမတ်ဖုန်းများသာ အသုံးပြုနိုင်မည်ဟုဆိုသည်။ ၎င်းဖုန်းများကို ဗြိတိန်နိုင်ငံရှိ စတိုးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဖုန်းတစ်လုံးတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၀ ရှိသည်။

ထိုသို့ ဆက်သွယ်ရေးနည်းပညာ တိုးတက်ပြောင်းလဲမှုကြောင့် အာကာသအတွင်းဖြစ်ပေါ်နေသော အကြောင်းအရာများ၊ သုတေသနလုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း မစ်ရှင်တာဝန်ရှိသူများက သုံးသပ်ပြောကြားခဲ့သည်။ ။ ***(ကိုးကား-အင်တာနက်)***

တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ ဟောပြောသင်ကြားပို့ချမှု လိုက်လံကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၆

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင်သည် ယနေ့ နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ မန္တလေးတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး) ဒေါ်နီနီလှိုင်၏ အင်္ဂလိပ်စာ ဆွေးနွေးပို့ချနေမှု၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း၌ ပါမောက္ခ(ဌာနမှူး) ဒေါက်တာယဉ်မြ၏ ရူပဗေဒဆွေးနွေးပို့ချနေမှုနှင့် အောင်မြေသာစံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ပါမောက္ခ ဒေါက်တာထက်ထက်၏ မြန်မာစာ ဆွေးနွေးပို့ချနေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ဟောပြောပို့ချ

၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးကို ရည်ရွယ်၍ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဆရာကြီး ဆရာမကြီးများ၏ ဆွေးနွေးပို့ချမှုများကို မြို့နယ်အလိုက် ယနေ့မှ ဇန်နဝါရီ ၂၉ ရက်အထိ မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများအား ဟောပြောပို့ချဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တင်းနစ်ပြိုင်ပွဲ ပထမပြိုင်ပွဲ ပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ ပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီးတစ်ဦးချင်း ပထမပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲတွင် နီလာဝင်း (မြန်မာ)က Syazlin Yusri (မလေးရှား)ကို (၆-၁၊ ၆-၁)ဖြင့် လက်စွမ်းပြအနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီးတစ်ဦးချင်း ပထမပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲတွင် Ang Geraldine (စင်ကာပူ) က Thisuri Mollogoda (သီရိလင်္ကာ) ကို (၆-၄၊ ၆-၄)ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဦးခိုင်ထွေး (Asia Brave Co., Ltd.) တို့က အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ တက်သွားသော မြန်မာလူငယ်လက်ရွေးစင် မနီလာဝင်းအား ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသမီး တစ်ဦးချင်းဗိုလ်လုပွဲအဖြစ် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် နီလာဝင်း (မြန်မာ)နှင့် Ang Geraldine (စင်ကာပူ)တို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြောင်းမြကုန်းသာကျေးလက်လမ်း ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၂ ရက်က အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

တောင်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်အထိပိုခဲ့ပြီး ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၂၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးကို လေကြောင်းကဏ္ဍမှ ပံ့ပိုးပေးနိုင်ရေး

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး တည်ဆောက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ယနေ့နံနက် ၁၀ နာရီတွင် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လေဆိပ်ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်းနှင့် လေယာဉ်ရပ်နားရန်နေရာတို့ ကွန်ကရစ်ခင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဝန်ကြီး ဦးသိန်းဆွေက ဆောက်လုပ်ရေးပစ္စည်းများ အချိန်မီရရှိရေး၊ သတ်မှတ် စံချိန်စံညွှန်း ပြည့်မီရေး၊ နိုင်ငံတကာ အဆင့်မီ လေဆိပ်အင်္ဂါရပ်များနှင့် အညီ လုပ်ငန်းများဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အတွင်း လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်ရေးနှင့် သတ်မှတ်အချိန်အတွင်း လုပ်ငန်းများပြီးစီးရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အသုံးပြုမည့် ဆောက်လုပ်ရေးသုံးပစ္စည်း နမူနာများနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ပြီးစီးမှု ပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီး ဦးသိန်းဆွေသည် စီမံကိန်းလုပ်ငန်းခွင်၌ လေယာဉ်သွားလမ်း ကွန်ကရစ်ခင်းနေမှုနှင့် ပြီးစီးမှု၊ ကွန်ကရစ်ခင်းရန် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လေယာဉ်ရပ်နားရန်နေရာ ကွန်ကရစ်ခင်းနေမှုနှင့် ပြီးစီးမှု၊ လေဆိပ်ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု၊ ပင်မအဆောက်အအုံ အမိုးဒိုင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အဲကွန်းလိုင်း ဆောင်ရွက်နေမှုနှင့်ပြီးစီးမှု၊ ပင်မအဆောက်အအုံအတွင်း ကြမ်းခင်းကျောက်ပြားခင်းရန် ရေတားလွှာများ ဆောင်ရွက်နေမှုနှင့် လေဆိပ်ချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လွယ်ကူစွာသွားလာနိုင်ရေး

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အား နိုင်ငံတော်၏ စီးပွားရေးကို လေကြောင်းကဏ္ဍမှ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန်၊ နိုင်ငံတကာ လေကြောင်းလိုင်းများမှ မည်သည့်လေယာဉ် အမျိုးအစားကိုမဆို ဆင်းသက်ခွင့်၊ ရပ်နားခွင့်၊ ဖြတ်သန်းခွင့်တို့ကို ဆောင်ရွက်ပေးနိုင်ရန်၊ ဆင်းသက်ရပ်နားသည့် လေယာဉ်များအတွက် လောင်စာဆီ ဖြည့်တင်းခြင်း၊ စားရေရိက္ခာ ဖြည့်တင်းခြင်း၊ စက်ကိရိယာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများ ပြင်ဆင်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန်၊ အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်း ပေးပို့လက်ခံခြင်း ကိစ္စရပ်များကို လေကြောင်းမှ လျင်မြန်လွယ်ကူစွာ သယ်ယူပို့ဆောင်ပေးနိုင်ရန်၊ နိုင်ငံတကာနှင့် စီးပွားရေး၊ လူမှုရေး၊ သံတမန်ရေး ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လာသည်နှင့် အမျှ တိုးတက်လာသော နိုင်ငံတကာ ခရီးသည် ဝင်ထွက် သွားလာမှု သိပ်သည်း ထူထပ်လာခြင်းအပေါ် အဆင်ပြေချောမွေ့စွာ ဖြေရှင်းပေးနိုင်ရန်နှင့် နေပြည်တော်ကို ဗဟိုပြု၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ လွယ်ကူစွာ သွားလာနိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်သွားနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အကျယ်အဝန်း ၅၅၆၉ ဧကပေါ်၌ ၂၀၀၈ ခုနှစ် မေ ၅ ရက်မှ စတင်၍ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ စီမံကိန်းလုပ်ငန်းကြီး တစ်ခုလုံး ဆောင်ရွက်ပြီးစီးမှု ၂၃ ဒသမ ၁၀ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်များ

၂၆-၁-၂၀၁၁

ပင်လောင်းမြို့နှင့် ဟားခါးမြို့
၁ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့နှင့် ဟဲဟိုးမြို့
၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့
၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့
၄ ဒီဂရီစင်တီဂရိတ်

ဇန်နဝါရီ ၅ရက်က အလက (၅) လှိုင်၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို အဆိုပါကျောင်း၌ ကျင်းပရာ သတ္တမတန်းတွင် ထူးချွန်ဆုနှင့် ၂၀၁၀-၂၀၁၁ မြို့နယ်အဆင့် သချင်္ချာစွမ်းရည် ပြိုင်ပွဲတွင် ဆုရရှိသော မသဲဦးပိုင်အား ဆရာမကြီး ဒေါ်အေးသန်းက ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

မစ္စတာ မီလန် ဆက်ဒ်လာဇက်ခ်အား ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ချက်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ မီလန် ဆက်ဒ်လာဇက်ခ်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ မီလန် ဆက်ဒ်လာဇက်ခ်သည် ၁၉၆၀ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ဘာနိုမြို့၌ မွေးဖွားခဲ့ပြီး မာဆာရစ်ခ်တက္ကသိုလ် အနုပညာကျောင်းမှ ပါရဂူဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ရုပ်ရှင်စတူဒီယိုများ၊ အစိုးရ ကဇာတ်ရုံများနှင့် ခရိုင်ပြည်သူ့ကော်မတီရုံးတို့၌ ရာထူးအမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၃ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဩစတြီးယားနိုင်ငံနှင့် ရုရှားနိုင်ငံတို့ရှိ ချက်နိုင်ငံ ယဉ်ကျေးမှုစင်တာများတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ချက်နိုင်ငံ ယဉ်ကျေးမှုစင်တာများဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကာဇက်စတန်နိုင်ငံနှင့် ကာဂျစ်စတန်နိုင်ငံဆိုင်ရာ ချက်နိုင်ငံ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်မှစ၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ရုံးစိုက်နေထိုင်

မစ္စတာ မီလန် ဆက်ဒ်လာဇက်ခ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦးရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

LIFESTYLES EXPO -2011 ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၆

Milky Way International Co.,Ltd. သည် LIFESTYLES EXPO -2011 ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသမည်ဖြစ်သည်။

ရောင်းချမည်

ပြပွဲတွင် Shine Group of Companies မှ Main Sponsor နှင့် Co-Sponsor များအနေဖြင့် Asia Metal Co.,Ltd., Everseiko Co.,Ltd. တို့မှ ပံ့ပိုးကူညီကြပြီး Crown Electronics, Yee Shin, Haier Aircon, Infinity Investment, ELBA Electronics, JBS Electronics, Royal Tun Electronics, Cashn Carry, Canon, Concordia, Amtt, Toshiba Kyaw Win, Myat Kan Moe, Midea တို့မှ Electronics နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ Cyber City Co.,Ltd. မှ SUZUKI Note Book နှင့် ကွန်ပျူတာပစ္စည်းအမျိုးမျိုး Hisense, Do Co Mo Mobile, Spice Well Com Mobile, SAMSUNG Mobile, Ko Ko Mo Mo တို့မှ မိုဘိုင်းလ်နှင့် WiFi ဖုန်းအမျိုးမျိုး၊ SM^3 မှ ဖုန်းဆော့ဝဲလ်အမျိုးမျိုး၊ Maruart New Wood Creator, Home Distribution Group, ရွှေပင် ငွေပင် ဦးသန်းထွန်း၊ Gold Coil, Leeco, စိန်နှင့်မြ၊ Universal Furniture, MNZ, Golden Rose Industry တို့မှ နေအိမ်သုံး၊ ရုံးသုံး ခေတ်မီ ပရိဘောဂများနှင့် အဆင့်မြင့် အာမခံသေတ္တာများ၊ Auto ရေမော်တာ ထိန်းချုပ်စက် Htun Thit Oo, Sp Distribution Group, IQ Lamp, Good & More, UNITEX, Silver Lotus, Mya Na Di Trading တို့မှ လူသုံးကုန်ပစ္စည်းများနှင့် Cherry Oo မှ ကမ္ဘာ့နံပါတ်တစ် နာရီအမျိုးမျိုး၊ Kanebo, Pupa, Kracie, Now How, Sheene, Pierce Garden, FEM, Li Li တို့မှ အလှကုန်ပစ္စည်းများအပြင် သီဟရတနာစာပေ၊ Total Learning Academy တို့မှ ပညာရေးဝန်ဆောင်မှုသင်တန်းများ၊ United Pharma တို့မှ Revicon အားဆေးတို့ဖြင့် ပြခန်းပေါင်း ၁၄၀ကျော်နှင့် ကုမ္ပဏီပေါင်း ၅၀ကျော်တို့က ဖျော်ဖြေရေးအစီအစဉ်များ၊ လက်ဆောင်ပစ္စည်းများနှင့် အထူးဈေးနှုန်းများဖြင့် ခင်းကျင်းပြသ ရောင်းချမည်ဖြစ်ပြီး၊ Milky Way International Co.,Ltd. အနေဖြင့် ပြပွဲကို လာရောက် ကြည့်ရှုဝယ်ယူသူများအတွက် Gift Voucher များအပြင် Laptop တစ်လုံးနှင့် အဝတ်လျှော်စက်တစ်လုံးတို့ကို ကံထူးသူ ရွေးချယ်ပေးမည်ဖြစ်သည်။

ပြပွဲအကြောင်းအရာ အသေးစိတ် သိရှိလိုပါက ဖုန်း-၇၃၀၄၃၆၁၁၊ ၇၃၀၉၀၈၂၁ တို့ကို ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ဓာတ်ဆီ ဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (**Friction**)မှ သဘာဝတည်ငြိမ်လျှပ်စစ် (**Static Electricity**)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဝိပဿနာကျင့်စဉ်** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆:၄၀ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ ဆံတော်ရှင် ဦးဇီနစေတီ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၆)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၃)
၈:၄၀ ဒါနပါရမီဖြည့်နိုင်မှာ ကောင်းမှုတော်စေတီမဟာ
၉:၀၅ သူတို့ဓလေ့နှင့် သူတို့အစဉ်အလာ (သဲတောမြို့မှ အလှူမင်္ဂလာ)
၉:၂၀ ရည်စူးကာ ကုသိုလ်ယူ သျှမ်းကျောင်းတိုက်ရဲ့ ငွေရတုအလှူ
၉:၃၅ Science For All (သင်နေမယ့် တိုက်ခန်းဟာ ဘယ်လိုတိုက်ခန်းမျိုး ဖြစ်သင့်သလဲ) (အပိုင်း-၂) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
၁၀:၁၀ ရန်ကုန်မြင်ကွင်းကျယ် (ကလေးများနေ့ အထိမ်းအမှတ် Horizon ကျောင်း၏ ပျော်ပွဲရွှင်ပွဲ)
၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၀ ရန်ကုန်မြင်ကွင်းကျယ် (ဝေ့ဌာနီ ဆေးရုံကြီး၏ မြန်မာပြည်ရုံးခွဲ ဖွင့်ပွဲအခမ်းအနား)
၁၁:၀၀ မျိုးသိန်းအီလက်ထရွန်နစ် နှစ်(၂၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ
၁၁:၁၀ Deveice Business Management ACADEMY ရဲ့ Production and Operations Management
၁၁:၂၅ မန္တလေးမြို့မှ Silk-n-Shine ၏ ကံစမ်းမဲပေးအပ်ပွဲ
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀ ကေသီပန်တိုင်းရှင်းဆေးဝါး စက်ရုံသစ်ဖွင့်လှစ်ခြင်း အခမ်းအနား
၁၂:၂၀ ဖိုလ်ဝင်တောင်တော်ဘုရားပွဲ လှည်းယဉ်များနှင့် ဆင်ကာနွဲ
၁၂:၃၀ ရန်ကုန်မြင်ကွင်းကျယ် (ကြည့်မြင်တိုင် မျက်မမြင် ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ)
၁၂:၄၀ ကြည်နူးသာခုခေါ်စေရာ ရှင်စောမြတ်စေတီတော်မှာ
၁:၀၀ **ဝိပဿနာကျင့်စဉ်** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၁)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၆)
၃:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၃)
၄:၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နယူးမော်ဒယ်လ်ရုပ်ရှင်ဇာတ်ကား ပရိမိုးရှင်းအခမ်းအနား**
၄:၅၅ ဓမ္မဒူတတောရမှ ယဉ်ကျေးလိမ္မာ ဓမ္မပန်းကလေးများ
၅:၁၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ) (အပိုင်း-၁)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ လပြည့်ဝန်းသို့ တမ်းချင်းညရဲ့ ရင်ခုန်သံ
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၇)
၇:၀၀ Style ရှိမှ Star ဖြစ်မယ်
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း **နောက်ဆံတင်းတာ ကောင်းတယ်၊ နောက်ဆံမတင်းတာ ကောင်းတယ်**
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၄)
၁၀:၁၀ ကုသိုလ်ရန့်တို့ သင်းပျံ့လှိုင် Golden Lamps အမွေးတိုင်
၁၀:၂၅ ရသစုံစွာ တေးအလင်္ကာ
၁၀:၄၀ အနုပညာမိုးကောင်းကင်
၁၁:၀၀ ဂီတသရုပ်ပြခန်း (Jet San Htum ကြယ်တွေလို)
၁၁:၂၅ ဓညဝတီရဲ့ တေးနရီ ရသစုံလီ ရခိုင်စာပီ
၁၁:၄၀ သင်ယူလေ့လာ ဂီတပညာ (Left Hand Style) (Part-7)
၁၁:၅၅ မောမြေရဲ့ အမောပြေ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်
၁၂:၀၀ ဖန်တီးသူနှင့် အနုပညာ ချစ်သုဝေ (အပိုင်း-၁)
၁၂:၃၀ နလုံးကျန်းမာ သက်ရှည်ရန် သိဖွယ်နည်းလမ်းများ (ဒုတိယပိုင်း) (ပါမောက္ခ ဒေါက်တာမြသိန်းဟန်)
၁:၀၀ **အသိစိတ်ကလေး အရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁:၁၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ယုံးယုံးနှင့် တွေ့ဆုံခြင်း)
၁:၃၀ နယဉ်ဆန်းထွင် ပန်းအလှဆင် (တြိဂံပုံ ပန်းအိုးထိုးနည်း) (ပန်းအိုးအကြီး)
၁:၅၅ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
၂:၂၀ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ ခြင်းပွဲ
၂:၄၀ လင်းလက်တောက်ပ မီးဆိုင်းအလှ
၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ ဆန်းသစ်အလှတိုး ရွှေချည်ထိုး
၄:၂၀ လှေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာ အနုပညာ (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်အကြောင်း သိကောင်းစရာ)
၄:၄၀ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
၄:၄၅ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော် စေတီတော်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်အသင်းဝင်များ မလေးရှား ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၆

မလေးရှားနိုင်ငံ NAM Institute For the Empowerment of Women Malaysia (NIEW) SME Corporation Department of Women's Development မှ ကြီးမှူး၍ ဇန်နဝါရီ ၁၇ ရက်မှ စတင်ကျင်းပမည့် 2nd WIEF Woman Entrepreneurs Workshop သို့တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အမှုဆောင် ဒေါ်ခင်သက်မော်၊ အသင်းဝင် ဒေါ်သက်ဝါဝင်းတို့သည် ဇန်နဝါရီ ၁၆ ရက်က လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အမှုဆောင်များ ဖြစ်ကြသည့် ဒေါ်နှင်းဝေ၊ မဇာဇာဌေးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**
(အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း)

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Sok Chol အား ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးအောင်လွင်၊ ဦးထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာပွင့်ဆန်းနှင့် ဖိတ်ကြားထားသောပုဂ္ဂိုလ်တို့သည် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

ဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ စီးပွားရေး ဆက်ဆံမှုပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားကုန်သွယ်မှုလုပ်ငန်းများတွင် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအကြား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ နှစ်နိုင်ငံအကျိုးရှိစေမည့် စီးပွားရေး လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်မှုပြုနိုင်ရေးအတွက် စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်နိုင်ရေးကိစ္စ၊ စီးပွားရေးကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရေးအတွက် အကူအညီပေးရန်ကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ကျိုက်လတ်၌ ကျေးရွာစာကြည့်တိုက် ပန္နက်ရိုက်၊ အလှူငွေများပေးအပ်

ကျိုက်လတ် ဇန်နဝါရီ ၂၆

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျုံမငေးအစုကြီးကျေးရွာရှိ သုတဘဏ်စာကြည့်တိုက်ပိုင်မြေနေရာ၌ ပန္နက်တင်ပွဲနှင့် နိုင်ငံတော်ပံ့ပိုးငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးဝင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြတ်ထွန်းရီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုသန့်နှင့် ကျေးရွာဥက္ကဋ္ဌ(ကိုယ်စား) ဦးအောင်စံထိုက်တို့က ပန္နက်ရိုက်ပေးကြသည်။

ဆက်လက်၍ စေတနာရှင်များက အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်ကြပြီး နိုင်ငံတော်ပံ့ပိုးငွေကို မြို့နယ်ဦးစီးမှူး ဦးအောင်ကိုသန့်က ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ဦးအောင်စံထိုက်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆုချီးမြှင့်

လူမှုဝန်ထမ်းဦးစီးဌာန တောင်ဥက္ကလာပ မူလတန်းကြိုကျောင်း၌ ဇန်နဝါရီ ၉ ရက်က ကျင်းပသော ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြူပြာက ဆုရရှင်သွေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၇၀)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ရွှေပြည်သာ၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၆

စာကြည့်တိုက်များ ရှင်သန်ရေး၊ အချိန်မှန်ဖွင့်လှစ်ရေး၊ သတင်းစာနှင့် စာအုပ်စာစောင်များ တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာငှားကတ် စနစ်ကျင့်သုံးရေးတို့အတွက် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်နှင့် ဝန်ထမ်းများက အမှတ်(၉)ရပ်ကွက် ဇေယျာမြိုင် စာကြည့်တိုက်တွင် ကွင်းဆင်းဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ဆွေးနွေး

ယင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက အမှတ်(၉) ရပ်ကွက်ရှိ ရတနာပုံ၊ စိမ်းလဲ့ကန်သာ၊ ခေမာသီ၊ ကန်တော် မင်္ဂလာ၊ ငုရွှေဝါ၊ ဓမ္မပါလ သာသနာ့ရောင်ခြည်၊ ကြည်ပြာစာကြည့်တိုက်များမှ ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်များစံ(၅)ချက်နှင့်ညီညွတ်ရေး၊ရေရှည်ရှင်သန်ခိုင်မာရေး ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အလိမ္မာ စာမှာရှိ

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဉာဏ်ထွန်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ ကြီးပွားရေးရပ်ကွက် ဥက္ကဋ္ဌ ဦးဆောင်းတင်နှင့် အဖွဲ့ဝင်များ ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးကြစဉ်။ (၁၂၁)

သီပေါမြို့နယ်အတွင်းရှိ ပုဂ္ဂလိက လောင်စာဆီ အရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုကို ဇန်နဝါရီ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (ဝ၂ဝ)

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဒွါရာဝတီဈေးတွင် ဇန်နဝါရီ ၁၉ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးလေ့ကျင့်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်မီးသတ် ဦးစီးဌာနမှူး ရဲဗလမျိုးမင်းထွန်းနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ဝန်ထမ်းများ လေ့ကျင့်နေမှုကို ဇန်နဝါရီ ၁၆ ရက်က အမှုဆောင်အရာရှိ ဦးမောင်တင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကင်းမြို့နယ်အတွင်းရှိ ဈေးများမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးနှင့် ဈေးများဌာန ဌာနစုမှူး ဒေါ်ခင်ခင်ကြည်တို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၁၇၀)

27-1 (10).pmd 1 1/27/2011, 1:46 AM

ဂုဏ်ယူဝမ်းမြောက်ခြင်း

United Amara Bank (တာမွေဘဏ်ခွဲ ၊ ရန်ကုန်မြို့)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးဝင်းအောင်

Aye Yar River View Hotel (Old Bagan)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

PEACE MYANMAR ELECTRIC CO.,LTD.

Air Conditioners & Pumps

Registration No.64Q12671

PME Co.,Ltd. သည် Global Group (England) မှချီးမြှင့်သော ISO 9001:2008 Certificate ကို အောင်မြင်စွာသတ်မှတ်ချက်ပြည့်မီနိုင်ခြင်းအတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါသည်။

Asia General Electric Co.,Ltd.

UNITED PAINTS GROUP CO., LTD.

Asia Metal Group Of Company

KABA KYAW TRADING CO., LTD.

SAN KAUNG INDUSTRY LIMITED

SEIN WUT HMON CO., LTD.

Kaung Thu Kha Trading Co.,Ltd.

Eden Group Co.,Ltd.

Int'l Business Promotion Centre

PEACE COMPANY LIMITED

PEACE MYANMAR GROUP CO., LTD

TRIUMPH LIGHT CO., LTD.

UNISAN PLASTIC FACTORY CO., LTD.

United Can Factory Co.,Ltd.

မြင့်မောင်စိုး စုစည်းသည်

ဆောက်သမ်ပတန်ကွင်းလယ်လူ ချန်ဘာလိန်းအား အာဆင်နယ်ခေါ်ယူမည်



အာဆင်နယ်နည်းပြအာစင်ဝင်းဂါး

လန်ဒန် ဇန်နဝါရီ ၂၆

ဆောက်သမ်ပတန်ကွင်းလယ်ကစားသမား အဲလက်စ် အောက်စ်လိတ် ချန်ဘာလိန်းအား အရခေါ်ယူသွားမည် ဖြစ်ကြောင်း အာဆင်နယ်နည်းပြဝင်းဂါးက ပြောကြားလိုက်သည်။

အသက် ၁၇ နှစ်သာရှိသေးသည့် ကွင်းလယ်ကစားသမား ချန်ဘာလိန်းအား လီဗာပူး၊ စပါးနှင့် ဖူလ်ဟမ်တို့ကလည်း ခေါ်ယူရန် ဆက်သွယ်ထားသည်။ သို့သော် အာဆင်နယ်က အရခေါ်ယူ စာချုပ်သွားမည်ဖြစ်ကြောင်း ဝင်းဂါးကဆိုသည်။ ချန်ဘာလိန်းအား လူငယ်ကစားသမားများဖြစ်သည့် ဖာဘရီဂတ်စ်၊ ဝေါကော့နှင့် ဂျက်ရှီးယားတို့ကဲ့သို့ အကောင်းဆုံး လူငယ်ဘောလုံးသမားဖြစ်လာရေး ပြုစုပျိုးထောင်ပေးမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

၎င်းသည် ယခုနှစ်ရာသီအတွင်း ဆောက်သမ်ပတန်အသင်းအတွက် အစပွဲ ၁၉ ပွဲ ပါဝင်ကစားခဲ့ပြီး ဂိုးရှစ်ဂိုး သွင်းယူပေးထားသည်။ **(အင်တာနက်)**

အီဗန်ဒါဟိုလီဖီး ရှားမန်းဝီလျံအား အလဲထိုး

လန်ဒန် ဇန်နဝါရီ ၂၆

ဒဗလျူဘီအက်ဖ်ဟဲဗီးဝိတ်ချန်ပီယံ အီဗန်ဒါဟိုလီဖီးနှင့် ရှားမန်းဝီလျံတို့ ဇန်နဝါရီ ၂၃ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ **(ယာပုံ)** ဟိုလီဖီးက တတိယအချီတွင် အလဲထိုးပြီး ချန်ပီယံခါးပတ် ရယူခဲ့သည်။

ရှားမန်းဝီလျံသည် ဒုတိယအချီတွင် ဝဲဘက်မျက်ခုံးကွဲသွားခဲ့သည်။ အသက် ၄၈ နှစ်အရွယ်ရှိ ဟဲဗီးဝိတ်ချန်ပီယံလေးကြိမ်ဖြစ်ခဲ့သည့် ဟိုလီဖီးက တတိယအချီတွင် ဖိထိုးခဲ့ပြီး ဒဗလျူဘီအက်ဖ်ချန်ပီယံခါးပတ်ဆုကို ကာကွယ်နိုင်ခဲ့သည်။ ဟိုလီဖီးသည် လာမည့် မတ် ၅ ရက်တွင် ဒိန်းမတ်၌ ဘရိုင်ယန်နယ်လ်ဆင်နှင့် ထိုးသတ်ရန် စီစဉ်ထားသည်။ **(အင်တာနက်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၀-၁-၂၀၁၁) ရက်နေ့

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၁၁) ရက်နေ့

နှင့်

(၂၇-၂-၂၀၁၁) ရက်နေ့

SSA (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ထောင်ထားသောမိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး

နေပြည်တော် ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်မြို့နယ်ခွဲ ပါချီးရွာသစ်နေ ဦးအားလော်သည် တောလည်သွားစဉ် ဇန်နဝါရီ ၂၀ရက် မွန်းလွဲ ၁ နာရီခန့်တွင် ရွာ၏အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ၌ SSA (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ဒဏ်ရာရရှိခဲ့သဖြင့် ရွာသို့ပြန်လည်သယ်ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၂၂၊ ၁၂ လမ်း၊ ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ
ဦးဝင်းကြည်-ဒေါ်ကျင်စိန်တို့၏သား

မောင်ယဉ်ကြည် B.E (Mechanical)

နှင့်

ရန်ကုန်မြို့၊ အမှတ် ၁၈၊ ဦးစံဖေလမ်း၊ ဦးစံဖေရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ
ဦးအောင်သန်း-ဒေါ်ခင်မာဝေတို့၏သမီး

မမိုးသူဇာ B.Sc (Physics)

တို့သည် နှစ်ဖက်သောလူကြီးမိဘများ၏ရှေ့မှောက်တွင် ၂၂-၁-၂၀၁၁ရက် (စနေနေ့)၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ယဉ်ကြည်-မမိုးသူဇာ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
သစ်တောတက္ကသိုလ်
ပဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောတက္ကသိုလ်ကကျင်းပခဲ့သော အောက်ဖော်ပြပါ သက်ဆိုင်ရာဘွဲ့ စာမေးပွဲအသီးသီးကို ယှဉ်တွဲဖော်ပြပါ နှစ်များအလိုက် ပေါက်မြောက်အောင်မြင်ပြီးသူများသည် ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလအတွင်းကျင်းပမည့် သစ်တောတက္ကသိုလ် ပဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

(က) သိပ္ပံ (သစ်တော)ဘွဲ့ - ၂၀၀၇ခုနှစ် စက်တင်ဘာလမှ ၂၀၁၀ပြည့်နှစ် စက်တင်ဘာလအထိ စာမေးပွဲများ

(ခ) မဟာသိပ္ပံ (သစ်တောပညာ)ဘွဲ့ နှင့် မဟာသိပ္ပံ(သစ်တောထွက်ပစ္စည်းပညာ)ဘွဲ့ - ၂၀၀၇ခုနှစ် မေလမှ ၂၀၁၀ပြည့်နှစ် ဒီဇင်ဘာလအထိ စာမေးပွဲများ

(ဂ) ဘွဲ့လွန်ဒီပလိုမာ (သစ်တော)

၂။ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မတိုင်မီ သက်ဆိုင်ရာ ဘွဲ့အသီးသီးကို ပေါက်မြောက်အောင်မြင်ခဲ့ကြသူများသည် မိမိတို့ရရှိသည့် ဘွဲ့များအလိုက်အဝေးရောက်ဘွဲ့ကို လျှောက်ထားနိုင်သည်။

၃။ လျှောက်ထားသူသည် ယခုလျှောက်လွှာမခေါ်ယူမီ တစ်လအတွင်း ရိုက်ကူးထားသော (၂ လက်မ ×၁.၅လက်မ) အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်အတူ အောက်ဖော်ပြပါ သတ်မှတ်ပုံစံအတိုင်း (A4 Size) အရွယ် စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လျှောက်ထားနိုင်သည်။

၄။ ဘွဲ့လျှောက်လွှာကို ၉-၂-၂၀၁၁ရက် နောက်ဆုံးလျှောက်ထားရမည်။

၅။ လျှောက်ထားသူများသည် တက်ရောက်ဘွဲ့ယူရန် ဘွဲ့နှင်းသဘင်ကြေး ကျပ် ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ) (သို့မဟုတ်) အဝေးရောက် ဘွဲ့နှင်းသဘင်ကြေး ကျပ်၁၀၀၀ (ကျပ်တစ်ထောင်တိတိ) ပေးသွင်းရမည်။

၆။ လျှောက်လွှာပုံစံများကို သစ်တောတက္ကသိုလ်သို့ ကိုယ်တိုင်လာရောက်တင်သွင်းနိုင်သည်။

၇။ ရပ်ဝေးမှ လျှောက်ထားသူများသည် သတ်မှတ်ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ လိပ်မူပေးပို့၍ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင်၏ အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်တို့ကို တိကျစွာဖော်ပြရမည်။

၈။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

၉။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း ဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝ ခွင့်ပြုမည်မဟုတ်ပါ။

၁၀။ ဘွဲ့ဝတ်စုံ ငှားယူခွင့်ထောက်ခံစာကို ၂၃-၂-၂၀၁၁ရက်မှစ၍ မော်ကွန်းထိန်းရုံးခန်း၌ ထုတ်ပေးမည်။

၁၁။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

- ကျင်းပမည့်နေ့ရက် - ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၆ရက် (စနေနေ့)
- ကျင်းပမည့်အချိန် - နံနက် ၈နာရီ
- ကျင်းပမည့်နေရာ - သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်
- အစမ်းလေ့ကျင့်မည့်နေ့ရက် - ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (သောကြာနေ့)
- အစမ်းလေ့ကျင့်မည့်အချိန် - နံနက် ၈နာရီ

၁၂။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၆၅၁၉ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မောင်မောင်လွင်

ရက်စွဲ။ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်။ **မော်ကွန်းထိန်း**

လျှောက်လွှာနမူနာပုံစံ-

သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
သစ်တောတက္ကသိုလ်၊ ရေဆင်း
ပဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်၊ ဘွဲ့လျှောက်လွှာ

ဓာတ်ပုံ

၁။ အမည်(မြန်မာလို) --
၂။ အမည်(အင်္ဂလိပ်လို) --
၃။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် --
၄။ မွေးသက္ကရာဇ်(ခရစ်နှစ်) --
၅။ လူမျိုး ----------- ကိုးကွယ်သည့်ဘာသာ -----------
၆။ အဖအမည် ------------ အမိအမည် ------------------
၇။ ဆက်သွယ်ရန်လိပ်စာ --

၈။ အမြဲတမ်းနေရပ်လိပ်စာ --
၉။ လျှောက်ထားသောဘွဲ့အမျိုးအစား (မလိုသည်ကိုဖျက်ပါ)
(က) သိပ္ပံ(သစ်တော)၊ (ခ) ဘွဲ့လွန်ဒီပလိုမာ (သစ်တော)၊ (ဂ) မဟာသိပ္ပံ (သစ်တောပညာ)၊ (ဃ) မဟာသိပ္ပံ (သစ်တောထွက်ပစ္စည်းပညာ)
၁၀။ နောက်ဆုံးနှစ် (ဘွဲ့) စာမေးပွဲအောင်မြင်သည့် ခုနှစ် ------------------
ခုံအမှတ် ------------------
တက္ကသိုလ်မှတ်ပုံတင်အမှတ် ------------------
၁၁။ လျှောက်ထားလိုသည့်တစ်ခုကို ရွေးချယ်ရန်။

ဘွဲ့နှင်းသဘင်တက်ရောက်ပါမည်။ | အဝေးရောက်ဘွဲ့ယူပါမည်။

လျှောက်ထားသူ၏ ထိုးမြဲလက်မှတ်

ဇန်နဝါရီမောင်နှမအတွက် မွေးနေ့မင်္ဂလာဆုတောင်း

၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ကျရောက်သော ချစ်သမီးကြီး သွဲ့ရွှန်းလဲ့ကျော်၏ (၅)နှစ်ပြည့် မွေးနေ့မင်္ဂလာ နှင့် ဇန်နဝါရီ ၂၀ရက်တွင် ကျရောက်ပြီးသော ချစ်သားငယ် ဘုန်းခန့်ဝင်း၏ (၁)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ ချစ်သောဖေဖေ၊ မေမေနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ-

ချစ်သောဖေဖေ- ဦးကျော်ဝင်း၊
ချစ်သောမေမေ- ဒေါ်သဉ္ဇာစိုး။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနအတွက် အောက်ဖော်ပြပါ စက်ပစ္စည်း(၃)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်-

စဉ်	အကြောင်းအရာ	အရေအတွက်
(က)	Copier Model iR 2520	(2) Set
(ခ)	Computer	(3) Set
(ဂ)	Air Con (1.5 HP Split Type)	(4) Set

၂။ တင်ဒါဝယ်ယူမည့်နေရာ - စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊

၃။ တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၂၈-၁-၂၀၁၁ ရက်၊ (၁၆:၀၀)နာရီ

၄။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊
နေပြည်တော်။
တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၂၉၀။



ပျောက်ဆုံး / ရောင်းမည်

ရောင်းမည်

အသစ်နီးပါးကောင်း
ဖယောင်းစက်ခုံ (အထိုင်ဆိုက်စုံ)။
ဖုန်း- ၀၉-၅၁-၀၇၅၈၀၊ ၇၃၀-၁၇၅၉၄၊ ၆၈၆၂၀၄။

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အထက(၂) နဝမတန်း(C) မှ မယုဇန အောင်နိုင်၏ ဖခင်အမည်မှန်မှာ ဦးနေလင်းထွန်း ၁၂/ရကန (နိုင်) ၀၆၀၈၃၄ ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက် (ဥပုသ်နေ့)
၂၇-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ မနိုင်သောအရှုံး
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ ငှက်တစ်သောင်း
- ၅:၁၅ ၇။ တေးဂီတအစီအစဉ်
- ၅:၃၀ ၈။ **သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် (Electricity)**
- ၅:၄၅ ၉။ တိုးတက်ဖြစ်ထွန်းလာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကွန်ရက်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ အချစ်ကော်ဖီ** (အပိုင်း-၃၉) ကိုလင်း၊ ရွှေပန်းချီ၊ ယုဇနဗိုလ်မြင့်၊ ရဲရဲယု ဒါရိုက်တာ-အောင်ကျော်သူရ
- ၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နှယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၅)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၁၁)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၂၂)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၃၁)
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

မြဝတီ၌ ကလေးပြိုင်ပွဲဆုချီးမြှင့်

မြဝတီ ဇန်နဝါရီ ၂၆

မြဝတီခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကလေးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က မြဝတီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခန်းမ၌ ကျင်းပရာ အမွှာပူးပြိုင်ပွဲတွင် ပထမရရှိသည့် မောင်ကိုကိုရှင်းသန့်နှင့် မောင်ညီညီမင်းသန့်တို့အား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်တို့က ဆုများချီးမြှင့်ကြောင်းသိရသည်။ (၁၀၁)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်ဝိုးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် စတင်ထုတ်လွှင့်

နေပြည်တော် ဇန်နဝါရီ ၂၆

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်ဝိုးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၂ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

ကြည်လင်ပြတ်သား

အဆိုပါစက်ရုံမှ လွှင့်အား(၅၀) ဝပ်၊ လိုင်းနံပါတ် (J-16) ဖြင့် ဇန်နဝါရီ ၂၃ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အာကာသသိပ္ပံ

မြင့်မောင်စိုး - ရေးသားသည်

အာကာသနှင့် ကမ္ဘာမြေအကြား မိုဘိုင်းလ်ဖုန်း ဆက်သွယ်အသုံးပြုနိုင်တော့မည်

လန်ဒန် ဇန်နဝါရီ ၂၆

ကမ္ဘာမြေမှ မိုဘိုင်းလ်ဖုန်းဖြင့် အာကာသအတွင်းသို့ ဆက်သွယ်အသုံးပြုရေး ဗြိတိန်အင်ဂျင်နီယာများက စီစဉ်ဆောင်ရွက်နေကြောင်း ဇန်နဝါရီ ၂၅ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

စီစဉ်ဆောင်ရွက်

ဗြိတိန်နိုင်ငံ ဂစ်ဖို့ဒ်ရှိ ဆာရေးဂြိုဟ်တုဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးမှုကုမ္ပဏီ (SSTL) နှင့် အာကာသစူးစမ်းလေ့လာရေးအဖွဲ့က အာကာသနှင့် ကမ္ဘာမြေတို့အကြား မိုဘိုင်းလ်ဖုန်းဖြင့် ဆက်သွယ်ပြောဆိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။



ဂူဂဲလ်မှ အာကာသအတွင်း လွှတ်တင်ထားသည့် Nexus S စမတ်မိုဘိုင်းလ်ဖုန်းတစ်မျိုးကို တွေ့ရစဉ်။

ထိုသို့ ဆက်သွယ်နိုင်ရန် စမတ်မိုဘိုင်းလ်ဖုန်းတစ်မျိုးကို ဂူဂဲလ်၏ Android Operating System ဖြင့် အသုံးပြုထားသည်။ ၎င်းစမတ်မိုဘိုင်းလ်ဖုန်းကို အရှည် ၃၀ စင်တီမီတာရှိ ဆက်သွယ်ရေးဂြိုဟ်တုငယ်တစ်လုံးက ထိန်းချုပ်ထားသည်။ ယခုနှစ်ကုန်ပိုင်းတွင် ယင်းစမတ်မိုဘိုင်းလ်ဖုန်းကို အသုံးပြုပြီး ကမ္ဘာမြေ၏ ဓာတ်ပုံများကိုပါ ရိုက်ကူးနိုင်တော့မည်ဟု ဆိုသည်။

ပြီးခဲ့သည့်နှစ်က ဂူဂဲလ်က ကမ္ဘာမြေနှင့် ဆက်သွယ်အသုံးပြုနိုင်မည့် Nexus S စမတ်ဖုန်းအမျိုးအစားတစ်မျိုးကို အမြင့်ပေ ခြောက်သောင်းရှိ အာကာသအတွင်းသို့ လွှတ်တင်ထားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

အာကာသနှင့်ဆက်သွယ်နိုင်မည့် မြေပြင်သုံး စမတ်မိုဘိုင်းလ်ဖုန်းကို တွေ့ရစဉ်။